မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၅)

ကတညုတာ တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြိတ်မြို့နယ်နှင့် ပုလောမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုများ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၆ နာရီခွဲတွင် မြိတ်မြို့ မြိတ်ဘူတာမှ သမုတ် မြစ်ကူးတံတားတည်ဆောက်ရန် လမ်းအူကြောင်းမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး သမုတ်မြစ်ဘေးရှိ Sea Week ပင်လယ်ရေမွှော်ကုမ္ပဏီ လုပ်ငန်းခွင်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့နယ် ပဆွတ်ကျေးရွာအုပ်စု မရမ်းပင်ချောင်းကျေးရွာရှိ ဦးအောင်လင်း၏ ဧက ၃၂၀ ရော်ဘာစိုက်ခင်းနှင့် ပုလောမြို့နယ် ဘုတ်ခြံကျေးရွာရှိ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ ၁၀၈ဧက ဆီအုန်းစံပြစိုက်ခင်းတို့ကို လည်းကောင်း၊ ဘုတ်ခြံကျေးရွာရှိ ထားဝယ်-မြိတ် ရထားလမ်းအူကြောင်း၊ မြိတ်မြို့နယ် မီးလောင်ချောင်းကျေးရွာ၌ မီးလောင်ချောင်းတံတားနှင့် မီးလောင်ချောင်း ဘူတာတည်ဆောက်ရန် နေရာပဏာမရွေးချယ်ထားမှုနှင့် ပုလောမြို့နယ် တပိုကျေးရွာ၌ တပိုဘူတာတည်ဆောက်ရန် နေရာရွေးချယ်ထားမှုတို့ကို လည်းကောင်း ကြည့်ရှုသည်။

ယင်းနောက် ပုလောမြို့နယ် ပလရွာရှိ အောင်စကြာဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားဖြန့်ဝေရေးလုပ်ငန်း ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြိတ်-ထားဝယ်ကားလမ်း ပုလောမြို့နယ် တိုကျေးရွာအနီး၌ ကတ္တရာလမ်းပေါက် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဒေသတွင်း သွားလာရေး လွယ်ကူချောမွေ့စေခဲ့သည့် တနင်္သာရီတိုင်း မြိတ်မြို့နယ်ရှိ ပသောင်းတံတား



သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဒေသတစ်ခုနှင့်တစ်ခု သွားလာမှု လွယ်ကူချောမွေ့ အဆင်ပြေရေးအတွက် နိုင်ငံတော်က မြစ်ကူးတံတားကြီး၊ တံတားငယ်များ ပြည်ထောင်စုတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ချစ်ကြိုးသွယ်

ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ကူးတံတားကြီးများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ အခြားသောဒေသဆိုင်ရာ ချောင်းကူး၊ မြောင်းကူး မြစ်ကူးတံတားကြီးများကို ဖြည့်ဆည်းတည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာကာ ဒေသနေပြည်သူများ စိတ်လက်ကြည်အေးချမ်းသာစွာ ကူးလူးယှက်နွယ်ချစ်ကြိုးသွယ် သွားလာနိုင်ခဲ့ကြပေပြီ။

မိမိတို့ မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက တနင်္သာရီတိုင်းဒေသ ဖွံ့ဖြိုးရေးသတင်းဆောင်းပါးများ ရေးသားရန် မြိတ်မြို့သို့ ရောက်ရှိခဲ့ရာ ပသောင်းတံတားသို့ သွားရောက်လေ့လာခဲ့ကြသည်။

တည်ရှိ

ပသောင်းတံတားသည် မြိတ်မြို့နယ် ပသောင်းကျေးရွာအနီး၌ တည်ရှိသည်။ တံတားအရှည်မှာ ပေ ၈၁၀ ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိ သံပေါင်ရက်မ၊ အောက်ထည် သံကူကွန်ကရစ်ကြမ်းခင်း ဖြစ်သည်။

တံတားအကျယ်

အဆိုပါ ပသောင်းတံတားကို ၂၀၀၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် ပန္နက်တင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေရှိပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီ ပါရှိသည်။

တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်မည့် မော်တော်ယာဉ်များ၏အလေးချိန် ခွင့်ပြုတန်မှာ ၆၀ ဖြစ်သည်။ ယင်းတံတားသည် တနင်္သာရီ မြစ်လက်တက်တစ်ခုကို ဖြတ်သန်း တည်ဆောက်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ ■

ပသောင်း တံတား

မြိတ်-ကော့သောင်း ကားလမ်းရှိ တနင်္သာရီချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသော ပသောင်း ကျေးရွာနှင့် မဇော ကျေးရွာကူး ပသောင်းတံတားကြီးကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်)

ဂီတဆိုင်ရာပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး တီထွင်ဆန်းသစ် အမျိုးသားယဉ်ကျေးမှုစွမ်းအားခိုင်မာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာ၌ စီးပွားရေးအပါအဝင် ရုပ်ပိုင်းဘဝတိုးတက်ရေးသာမက အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက်လည်း ဟန်ချက်ညီညီဖြစ်ထွန်းရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည်မှန်သော်လည်း နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာ အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စောင့်ရှောက်မြှင့်တင်ပေးနေခြင်းသည် အမျိုးသားယဉ်ကျေးမှုစွမ်းအားပင် ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်၌ လူမျိုးအသီးသီးသည် ကိုယ်ပိုင်ဂီတရှိကြသည်။ လူမျိုးတစ်မျိုး၏ ဂီတကိုလေ့လာကြည့်လျှင် ထိုလူမျိုး၏ ယဉ်ကျေးမှု အဆင့်အတန်းကို မှန်းဆနိုင်သည်။ မြန်မာ့ဂီတ၏ မူလဘူတသည် ခြေခြေမြစ်မြစ်ဖြင့် စနစ်တကျတိုးတက်လာသောပညာရပ် ဖြစ်သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ရည်ရွယ်ချက်(၄)ရပ်၊ အခြေခံလုပ်ငန်းစဉ်(၈)ရပ်တို့အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဂီတလောကသားများအနေဖြင့်လည်း ဂီတဆိုင်ရာပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက် ကျွမ်းကျင်လာစေရန် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်များသည် ဂီတလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ဆက်လက်၍လည်း တိုးမြှင့်ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

ဂီတပညာများကို တီထွင်ဆန်းသစ်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို မထိခိုက်စေဘဲ ပိုမိုဆန်းသစ်ဖွံ့ဖြိုးရန် သတိပြုဆောင်ရွက် ကြရမည် ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူများအကျိုး၊ ဂီတလောကနှင့် ဂီတလောကသားများအကျိုးကို ထမ်းဆောင်ရာတွင် အခြေခံအလွှာ အသီးသီးက စည်းရုံးညီညွတ်စွာဖြင့် ရည်မှန်းချက်များအောင်မြင်ရန် ဝိုင်းဝန်းပူးပေါင်း ဖော်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိပြီးဖြစ်ရာ ဂီတဆိုင်ရာပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အတွက် တီထွင်ဆန်းသစ်ရာ၌ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ကြံ့ကြံ့ခံနိုင်ရန် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစွမ်းအား အစဉ်အမြဲ ခိုင်မာရေးအတွက် အမျိုးသားရေးသတိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ပဋ္ဌာန်းဒေသနာ** တရားတော် (အရှင်နန္ဒောဘာသာဘိဝံသ) (ကျိုက်ထိုဆရာတော်)
၇:၅၀-၁:၅၀	Industrial Talk [ဦးငွေသိန်း၊ ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၁၀-၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၅-၂:၃၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အချစ်ငတ်ဒေဝီရိုက်ကွင်း အမှတ်တရ)
၈:၅၅-၂:၅၅	Activities in the City (မော်လမြိုင် စက်မှုလက်မှု သိပ္ပံ အာစရိယပူဇော်ပွဲ)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Midweek Sports News
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	**သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဇေလုဝ၊ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ- ထပ်ဆင့် အကယ်ဒမီစင်ရော်မောင်မောင်)
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	Yangon Panorama (Asean Happy Drawings Project 2008)
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	စပါးမှဆန်အသွင် မြောင်းမြခရိုင်၏ဂုဏ်အင်
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	လှပသစ်ဆန်းအလှပြင်ခန်း (Smile-ကိုထိုက်)
၁၂:၀၀-၆:၀၀	Antioxidants & Your Health(အပိုင်း-၂) (ဒေါက်တာဝင်းထွန်း)
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	Myanmar Video Rhythm
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Suzuki Cup ဗိုလ်လုပွဲ (ပထမအကျော့) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	Thailand-Vietnam	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၂၄-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၅။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေး လူဆာ** (အပိုင်း-၆)
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၅)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅)



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ရေးလုပ်ငန်းများ

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ခန္တီးလေဆိပ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ခန္တီးလေဆိပ်သို့ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ခန္တီးလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၂၀၀၊ အကျယ်ပေ ၁၀၀ဖြစ်ပြီး ကျောက်ရောမြေခင်းအမျိုးအစား ဖြစ်သည်။ တိုးချဲ့ပြီးစီးသည့် လေယာဉ်ပြေးလမ်းမှာ အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀၊ ပြေးလမ်းထု ၂၄ ဒသမ ၅လက်မဖြစ်ပြီး ကျောက်ကတ္တရာခင်း ပြေးလမ်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ဗောဓိလမ်း အမှတ် ၁၅၃နေ ဦးသန်းချို-ဒေါ်ခင်သန်းစောမိသားစုမှ ဒေါ်ခင်သန်းစော၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးမောင်မောင်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ဒိုက်ဦး အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဒိုက်ဦး အထက၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒိုက်ဦး အထက အောင်ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မပျက်မကွက်

ဒီဇင်ဘာ ၂၇ရက်(စနေနေ့) ညနေ ၅ နာရီတွင် ကျောင်းရှေ့မြက်ခင်းပြင်၌ အမှတ်တရ ညစာစားပွဲကိုပါ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် တကွ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်ဝေးရပ်နီးမှကျောင်းသား ကျောင်းသူဟောင်းများအားလုံးမပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်း

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးကြည်မြင့် ဖုန်း-၀၉-၅၁-၈၇၃၆၃၊ ဦးဇော်မင်း ဖုန်း-၀၉-၅၀-၀၄၈၀၃၊ ဦးကျော်ဝင်းသိန်း ဖုန်း-၀၉-၅၀-၃၄၃၈၂၊ ဦးချစ်ဆွေ ဖုန်း-၀၅၂-၂၃၉၄၄၊ ဒိုက်ဦး အထက ဖုန်း-၀၅၂-၄၀၀၂၈၊ ကိုမျိုးမင်း ဖုန်း-၀၅၂-၄၀၀၈၉၊ ကိုဇော်ထိုက်အောင် ဖုန်း-၀၅၂-၄၀၀၅၂၊ ကိုအောင်မျိုးမင်း ဖုန်း-၀၅၂-၄၀၁၆၂၊ ကိုအောင်ကြီး ဖုန်း-၀၅၂-၄၀၄၈၃၊ ကိုဇော်ဝင်း ဖုန်း-၀၅၂-၄၀၀၄၇ နှင့် ကိုသန်းနိုင် ဖုန်း-၀၅၂-၄၀၂၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့နယ် မရမ်းပင်ချောင်းကျေးရွာရှိ ဦးအောင်လင်း၏ ဧက၃၂၀ ရော်ဘာစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

● ရှေ့ဖုံးမှ

ဆက်လက်၍ ပုလောမြို့နယ် ပုလောဘူတာတည်ဆောက်ရန်နေရာ ရွေးချယ်ထားမှု၊ ပလောက်မြို့ရှိ နယ်မြေခံ တပ်ရင်း၏ တပ်ရင်းစိုက်ခင်းများနှင့် တပ်မိသားစုဝင်များ၏ ၁၀မျိုး၁၀ပေါင် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပလောက်မြို့နယ် ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပလောက်မြို့ရှိ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ရော်ဘာခြံ စီမံကိန်းဧက ၁၅၀၀ စိုက်ခင်းနှင့် စစ်မှုထမ်းဟောင်း (အိမ်ရာမြေ)တို့ကို ကြည့်ရှုစစ်ဆေးပြီး မြိတ်-ထားဝယ် ကားလမ်းဘေးဝဲယာရှိ ရော်ဘာစိုက်ခင်းများနှင့် ဆီအုန်းစိုက်ခင်းများ၊ မြိတ်-ထားဝယ် ကားလမ်း မိုင်တိုင်အမှတ်(၅၂)နှင့် (၅၃) ကြားရှိ ဦးကင်းစိန်၏ ဧက ၆၀၀၀ ဆီအုန်းစိုက်ခင်း၌ ဆီအုန်းပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုကို(စက်မှုတက္ကသိုလ်)၏ အွန်စောတို့ဌာနေ ကိုယ်တွေ့ ကိုရီးယားခရီးသွားဆောင်းပါးများစာအုပ်ဖြန့်ချိထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၃

ကိုကို(စက်မှုတက္ကသိုလ်)၏ ''အွန်စောတို့ဌာနေ''အမည်ရှိ ကိုယ်တွေ့ ကိုရီးယားခရီးသွားဆောင်းပါးများစာအုပ်ကို GENIUS စာပေတိုက်မှ ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းစာအုပ်သည် ဖလားဝါးနယူးစ်ဂျာနယ်တွင် အခန်းဆက် အဖြစ်ဖော်ပြခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး သမိုင်းကြောင်းနောက်ခံတွင် ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များအကြောင်း ရေးခြစ်ခြယ်မှုန်းထားချက်များကို စုစည်းထုတ်ဝေထားခြင်းဖြစ်ပြီး အထူးသဖြင့် ယင်းစာအုပ်တွင် ယခု 5 Series မှ ထုတ်လွှင့်ပြသနေသည့် အနိုင်းမဲ့သစ္စာရှင်ဇာတ်လမ်းတွဲမှ စစ်သူကြီး လီဆွန်ရှင်းအကြောင်း၊ မြဝတီရုပ်သံတွင် ထုတ်လွှင့်ပြသခဲ့သည့် နန်းတွင်းရတနာနှင့် ဆောင်းဦးရွက်ကြွေချစ်သက်သေ ဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် MBC ရုပ်သံဌာနနှင့် ရိုက်ကွင်းဆက်တင်နေရာများအကြောင်း အပါအဝင် ရောင်စုံဓာတ်ပုံ ဝေဝေဆာဆာဖြင့် ထုတ်ဝေထားခြင်းဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံအကြောင်း လေ့လာသိရှိလိုသူများကို များစွာ အထောက်အကူပြုစေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် ဆရာကြီးမောင်ဆုရှင်၏ အမှာစာနှင့်အတူ ကိုကို(စက်မှုတက္ကသိုလ်) ခြယ်မှုန်းထားသည့် ဆောင်းပါးလက်ရာ ၃၃ ပုဒ်ပါဝင်ပြီး ယင်းကို မြန်မာတစ်ပြည်လုံးသို့ စာပေလောက လက်လီလက်ကားအရောင်းဆိုင် အမှတ် ၂၂၅-၂၂၇ ပထမထပ် ပန်းဆိုးတန်း အထက်လမ်း(အနော်ရထာမီးပွိုင့်အနီး) ကျောက်တံတားမြို့နယ် ဖုန်း-၃၈၇၄၇၅ က ဖြန့်ချိထားခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လမ်းလျှောက်ကြစို့

မြောက်ပြန်လေညင်း ရှရှသွေး
နှင်းမှုန် ဖွဖွဖွေး။
ရောင်နီနွေးနွေး လာတော့မည်
လင်းကြက်တွန်သံစည်။
ငှက်ကျေးစုံညီ သံချိုညင်း
မင်္ဂလာနံနက်ခင်း။
ပန်းမျိုးစုံသင်း သည်ချိန်ခါ
လမ်းလျှောက်ကြစို့လာ။
ကျန်းမာခြင်းသည် လာဘ်တစ်ပါး
အသိပညာပွား။
ကိုယ်လက်လှုပ်ရှား ဖွဲ့တိုင်ထူ
လေကောင်းလေသန့်ရှူ။
ကျန်းမာရေးမူ ထိုအဆင့်
အချိန်မှန်မှန် ကျင့်။
ဆိုးကျိုးဘေးသင့် ထိုရောဂါ
ကင်းပကိုယ်ခန္ဓာ။
သက်ရှည်ကျန်းမာ စိတ်ချမ်းမြေ့
လမ်းလျှောက်ကြစို့လေ့။ ။

သောင်းကိုကို

မန္တလေး အထက(၁၄) (ယခင်ဟားသားလပုန်းကျောင်း) (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မန္တလေးမြို့ အထက(၁၄) (ယခင် ဖားသားလဖုန်းကျောင်း)၌ ၁၉၆၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက် (စနေနေ့) ညနေ ၄နာရီမှ ည ၈နာရီအထိ မန္တလေးမြို့ လမ်း၃၀- ၈၂×၈၃ လမ်းကြား ဖူကျင့်ကွမ်ရင်ဗုဒ္ဓဘာသာ ဘုရားကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ ကြွရောက်ကန်တော့ခံပါရန်နှင့် ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံ မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေနှင့် အမှတ်တရပစ္စည်းများ လှူဒါန်းဝယ်ယူလိုပါက ရန်ကုန်မြို့ လူထုဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၁-၂၂၃၅၉၉၊ ၀၉-၂၀-၄၂၁၅၁၊ ဦးသက်ညွန့် ဖုန်း-၀၉-၂၀-၀၁၂၁၈၊ ဦးမျိုးညွန့် ဖုန်း-၀၉-၉၀-၅၆၂၀၅၊ ဦးချွန်စန်း ဖုန်း-၀၁-၃၈၆၈၉၁၊ မောရစ်တင်မောင်မောင်နှင့် မန္တလေးမြို့ ဦးချစ်ဆွေ ဖုန်း-၀၉-၂၀-၃၅၀၈၅၊ ဦးနေဝင်း ဖုန်း-၀၉-၂၀-၀၂၉၇၇၊ ၀၂-၃၉၃၉၆၊ ဦးစိန်ဝင်း ဖုန်း-၀၉-၉၉-၂၇၃၉၅၊ ဦးဝင်းမြင့် ဖုန်း-၀၉-၂၀-၀၅၂၉၅၊ ၀၂-၆၆၀၁၁၊ ဦးခင်မောင်သန်း ဖုန်း-၀၂-၆၀၉၈၅၊ ဦးတော်မီ ဖုန်း-၀၉-၂၀-၂၀၆၄၀၊ ဦးဇော်ဝင်း ဖုန်း-၀၉-၆၉-၇၁၉၃၁၊ ၀၂-၃၉၆၄၀၊ ဦးဝင်းမောင် ဖုန်း-၀၉-၂၀-၀၄၇၉၈၊ ဦးလှမြင့် ဖုန်း-၀၂-၃၁၂၃၈ တို့သို့ ဆက်သွယ်လှူဒါန်း ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဆိုပါ ပသောင်းတံတားသည် မြန်မာနိုင်ငံတောင်ဘက်အစွန်း ကော့သောင်းမြို့သို့ သွားရောက်ရာတွင် တစ်ခုတည်းသော ကုန်းတွင်းထွက်ပေါက်ဖြစ်သည်။ မြိတ်မြို့မှ ထားဝယ်မြို့သို့ ကုန်းလမ်းခရီးမှသွားလျှင် ကျွဲကူး-ကျောက်ဖျာတံတားကို မလွဲမသွေ ဖြတ်သန်းရမည်ဖြစ်သကဲ့သို့ မြိတ်မြို့မှ ကော့သောင်းသို့ ထွက်ခွာလျှင်လည်း ပသောင်းတံတားကို ဖြတ်ကျော်ရမည် ဖြစ်သည်။

လူမှုစီးပွား

အဆိုပါ ပသောင်းတံတားသည် မြိတ်မြို့ နှင့် တနင်္သာရီမြို့အကြားတွင် တည်ရှိသည်။ တံတားကြီး ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် အနီးဝန်းကျင်ရှိ မြို့ရွာများမှ ပြည်သူများသည် ဒေသတစ်ခုမှတစ်ခုသို့ သွားလာမှုအဆင်ပြေချောမွေ့လာကာ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာခဲ့ပြီး ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မီး

အစဉ်သတိပြု

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌သာယာ ဟားခါး၌အပူချိန် ၅ဒီဂရီစင်တီဂရိတ်ရှိခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ ၂၄ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ၂၄ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

သာယာခဲ့

ဒီဇင်ဘာ ၂၃ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် အထိ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ် အထိ၊ ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ အထက် ၇ ဒီဂရီ စင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများ၌ ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

အမေရိကန်က ဒဗလျူတီအိုသို့တိုင်ကြားသည့်ကိစ္စ တရုတ်နိုင်ငံ ကန့်ကွက်ကြေညာချက်ထုတ်ပြန်

ပေကျင်း ဒီဇင်ဘာ ၂၃

တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ စည်းမျဉ်း စည်းကမ်းများကို တစ်သဝေမတိမ်း လေးစားလိုက်နာပြီးလျှင် တရုတ်ပို့ကုန်ထောက်ပံ့ငွေ အစီအစဉ်များ ရပ်ဆိုင်းသွားစေရန်ရည်ရွယ်သော အမေရိကန်က ဒဗလျူတီအိုသို့ တိုင်ကြားသည့်အမှုကို ဒဗလျူတီအိုနှင့် လက်တွဲဖြေရှင်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ဒီဇင်ဘာ ၂၁ ရက်တွင် ကန့်ကွက်ကြေညာသည်။

တရားစွဲတိုင်ကြား

ကမ္ဘာတစ်ဝန်း တရုတ်အမှတ်တံဆိပ်ပါကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရေးအတွက် တရုတ်အစိုးရ၏ ထောက်ပံ့ငွေအစီအစဉ်များရပ်ဆိုင်းရန် အမေရိကန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)သို့ ဒီဇင်ဘာ ၁၉ရက်က တရားစွဲတိုင်ကြားခဲ့သည်။

ပစ္စည်းများ

အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အထည် အလိပ်နှင့် အဝတ်အစား၊ အပေါ့စားကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်နှင့် စားသောက်ကုန်များ၊ သတ္တုနှင့် ဓာတုထုတ်ကုန်များ၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ ပစ္စည်းများအပါအဝင် တရုတ်စက်မှုကဏ္ဍအများအပြားကို ထောက်ပံ့ငွေ အစီအစဉ်က အကျိုးပြုလျက်ရှိကြောင်း အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက ကြေညာသည်။

ကြေညာချက်ထုတ်ပြန်

သို့သော် တရုတ်နိုင်ငံသည် ဒဗလျူတီအိုစည်းမျဉ်း စည်းကမ်းများကို တစ်သဝေမတိမ်း လေးစားလိုက်နာလျက်ရှိသည်ဟုသာ အင်တာနက်တွင် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို ဒီဇင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၂၁၀ ရှိသွားပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲပြင်ပ၌ သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဒီဇင်ဘာ ၂၁ရက်တွင် ကြေညာသည်။

အဆိုပါ တပ်ဖွဲ့ဝင်မှာ ဒီဇင်ဘာ ၂၀ ရက်က သေဆုံးခြင်းဖြစ်ကြောင်း ဖော်ပြသော်လည်း ကြေညာချက်၌ အသေးစိတ် ဖော်ပြမထားပေ။

ဖော်ပြ

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်နိုင်ငံသို့ အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာ တပ်ဖွဲ့ဝင်များ ဝင်ရောက်ပြီးကတည်းက ယနေ့အထိ အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၂၁၀ ရှိသွားပြီဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် အရှေ့ပိုင်းနှင့် အနောက်ပိုင်း နှင်းမုန်တိုင်းများကြောင့် အသွားအလာခက်ခဲ

ဆီးတဲ ဒီဇင်ဘာ ၂၃

အမေရိကန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းတွင် ဒီဇင်ဘာ ၂၁ရက်က နှင်းမုန်တိုင်းနှင့် ခိုက်ခိုက်တုန်အောင်ချမ်းသည့် မိုးများရွာသွန်းနေချိန်၌ နိုင်ငံမြောက်ပိုင်း တစ်ခွင်တစ်ပြင်တွင် ဆောင်းမုန်တိုင်းများ ကျရောက်သည့်အတွက် ရုံးပိတ်ရက် ခရီးထွက်သူအများအပြား ပိတ်မိနေပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့သည်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းကို ဒီဇင်ဘာ ၂၁ရက်က သုံးရက်အတွင်း ဒုတိယမြောက်ဆောင်းမုန်တိုင်းဝင်ရောက်မွှေနှောက်ခြင်းဖြစ်သည်။ နှစ်သစ်ကူးအားလပ်ရက်မတိုင်မီ နောက်ဆုံး ဒီဇင်ဘာ ၂၁ရက်က လေယာဉ်ခရီးစဉ်များ အချိန်နောက်ကျပြီး အသွားအလာများ ပိတ်ဆို့ကုန်သည်။

အပြင်းအထန်ကျရောက်

အနောက်ပိုင်းဆီးတဲဒေသနှင့် ဝါရှင်တန်ပြည်နယ်၏ အခြားသောအပိုင်းများ၌လည်း ဒီဇင်ဘာ ၂၀ရက်ညက နှင်းမုန်တိုင်း အပြင်းအထန်ကျရောက်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါကစ္စတန်နိုင်ငံ ဆဝက်တောင်ကြားဒေသ ဆဟာက်ချ်ဒီရီမြို့တွင် စစ်သွေးကြွများ၏ ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို ဒီဇင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကန်ခရီးသည်လေယာဉ် ပြေးလမ်းချော် လူ ၄၀ ဒဏ်ရာရ

ဝါရှင်တန် ဒီဇင်ဘာ ၂၃

ခရီးသည် ၁၀၇ဦးနှင့် လေယာဉ်အမှုထမ်းငါးဦးလိုက်ပါသည့် ကွန်တီနင်တယ် လေကြောင်းပိုင် ခရီးသည်တင် ဘိုးရင်း-၇၃၇ လေယာဉ်သည် ဒီဇင်ဘာ ၂၀ရက် ညက ဒင်ဗာနိုင်ငံတကာလေဆိပ်မှ ထွက်ခွာရန် လေယာဉ်ပြေးလမ်းပေါ် အရှိန်ယူစဉ် လမ်းချော်ပြီး မီးလောင်သဖြင့် အနည်းဆုံး လူ ၄၀ဒဏ်ရာရရှိသွားကြောင်း ကော်လိုရာဒိုပြည်နယ် ဒင်ဗာမှလာသော သတင်းအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်နက်ကြီးများ၊ ဒုံးလက်နက်များ ကယ်ကွတ်မြို့၌ သိမ်းဆည်းရမိ

ကယ်ကွတ် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ဒီဇင်ဘာ ၂၁ ရက်က မော်တာကျည်ဆန်များ၊ ဒုံးလက်နက်များအပါအဝင် ဝှက်ထားသောလက်နက်များကို ဘက်စုံ စုံစမ်းစစ်ဆေးရေးအမျိုးသားတပ်ဖွဲ့ (အမ်အင်န်အက်ဖ်)က သိမ်းဆည်းရမိခဲ့ကြောင်း ယင်းမြို့ရှိ ရဲသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော် ပြောကြားသည်။

ပြောကြား

ယင်းလက်နက်များသည် ၂၀၀၃ ခုနှစ် မတိုင်မီက အီရတ်စစ်တပ်ပိုင်ဆိုင်ခဲ့သောလက်နက်များဖြစ်ကြောင်း၊ သချိုင်းတစ်ခုအနီးရှိ ရာဟီးမ်အဝါဒေသတွင် ဒီဇင်ဘာ ၂၁ ရက်က သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလက်နက်များကို ပေါက်ကွဲပျက်စီးမှုမရှိဘဲ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း၊ ၎င်းသတင်းရပ်ကွက်က အဆွတ်အယ်လ် အီရတ်သတင်းဌာနသို့ ပြောကြားသည်။ ရေနံများစွာထွက်ရှိရာ ကယ်ကွတ်မြို့သည် ဘဂ္ဂဒက်မှအရှေ့မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာတွင် တည်ရှိသည်။ **(အင်တာနက်)**

အီရတ်ရွေးကောက်ပွဲ အကြမ်းမဖက်စေရေး ကန်တပ်ဖွဲ့ များ တာဝန်ယူမည်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံ၌ ဇန်နဝါရီလတွင် ကျင်းပမည့် ပြည်နယ်ရွေးကောက်ပွဲများ၌ အမေရိကန်တပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုလုံးဝမရှိရအောင် သေချာစွာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အီရတ်ရှိအမေရိကန်ထိပ်တန်းအရာရှိတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ရေးအိုဒီယာနိုက ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တာဝန်ယူပေး

ဇန်နဝါရီလတွင်ကျင်းပမည့် နှစ်လတာပြည်နယ်များရွေးကောက်ပွဲကိုတရားဝင်ရွေးကောက်ပွဲဖြစ်စေရေးအတွက် မည်သည့်အကြမ်းဖက်ဖြစ်ရပ်မျိုးမျှ မဖြစ်ပွားစေရန် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား လုံခြုံရေး တာဝန်ယူပေးမည်ဖြစ်ကြောင်း အိုဒီယာနိုကဆိုသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသော ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းလာသည်ကို ဒီဇင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသည့် ကလေးငယ်တစ်ဦး ဆေးရုံတွင် ကုသမှုခံယူနေရသည်ကို ဒီဇင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိမ်း

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၌ ပြည်သူများတပျော်တပါးဆင်နွှဲ

တောင်ကြီး ဒီဇင်ဘာ ၂၃

၂၀၀၈ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၅နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့မ ဈေးကြီးရှေ့ စုရပ်တွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရာပြည့် နှင့်ဇနီးတို့ တက်ရောက်၍ ပြည်သူလူထု နှင့်အတူ စုပေါင်းပါဝင် လမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

စုပေါင်းလမ်းလျှောက်

ရှေ့ဦးစွာ တိုင်းမှူးနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများသည် စုရပ်ဖြစ်သော တောင်ကြီးမြို့ မြို့မ ဈေးကြီးရှေ့မှ စုပေါင်းလမ်းလျှောက်ကြသည်။

ပါဝင်ဆင်နွှဲ

ယင်းနောက် ပြည်သူများသည် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးတို့ကို ပြုလုပ်ကြပြီး အားကစားပြိုင်ပွဲများ၌ တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

(ပြည်နယ် မြန်/ဆက်)

ပေါက်ခေါင်း မြို့မစာကြည့်တိုက် နှစ်ပတ်လည်ကျင်းပ

ပေါက်ခေါင်း ဒီဇင်ဘာ ၂၃

ပေါက်ခေါင်း မြို့မစာကြည့်တိုက်၏ နှစ်ပတ်လည်အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉ နာရီက မြို့မစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်တိုးပွားရေးနှင့် စာဖတ်သူအရေအတွက် များပြားရေးတို့ကို ဆွေးနွေးသည်။

ချီးမြှင့်

ဆက်လက်၍ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲလေးက စာကြည့်တိုက်သမိုင်းကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားကာ စာဖတ်သူများကိုယ်စား ဒေါက်တာသန်းမင်းထွဋ် (စာပေနှင့်စာနယ်ဇင်း)က အကြံပြုတင်ပြပြီး မြို့မစာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား အလှူရှင်များက **(အပေါ်ပုံ)** ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အင်န်ဂျီအိုအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် စာဖတ်ဝါသနာရှင်များ တက်ရောက်ကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ရွှေကူမြို့နယ် တိန်းဟွန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကျင်းပ

ရွှေကူ ဒီဇင်ဘာ ၂၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တိန်းဟွန်းကျေးရွာ မူလတန်း(လွန်)ကျောင်းအား ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက်၁၀နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်နှင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့် ရွာသူရွာသားများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ယင်းနောက် ကျောင်း(ခွဲ)ဖွင့်ပွဲကို တိန်းဟွန်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအီဆာ၊ မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်နှင့် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြောကြား

ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် အထက(၁)ကျောင်းအုပ်ဆရာကြီးတို့က အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ရသည့်အကြောင်း ပြောကြားပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအီဆာက ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် မြန်/ဆက်)

ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့တွင် ကျင်းပ

ပြည် ဒီဇင်ဘာ ၂၃

၂၀၀၈ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း) ဒီဇင်ဘာအားကစားလ လူထု အားကစားလှုပ်ရှားမှု ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၅နာရီက ပြည်မြို့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပညာရေးကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်း ဆရာမများနှင့် သင်တန်းသူများ၊ အထက၊ အလက ဆရာ ဆရာမများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၄၅၀၀၀ကျော် စုပေါင်းပါဝင် လမ်းလျှောက်ခဲ့ကြသည်။ **(အောက်ပုံ)**

ကံစမ်းမဲ

လမ်းလျှောက်ပွဲတွင် ဗိုလ်ချုပ်မြင်းစီး ကျောက်ရုပ်ရှေ့မှ ဗိုလ်ချုပ်လမ်း၊ မြောက်ဘက်စောင်းတန်းလမ်း၊ စစ်ကဲလမ်း၊ ပန်းဘဲတန်းလမ်းမှတစ်ဆင့် မြို့နယ်အားကစားကွင်းသို့ လမ်းလျှောက်ကြပြီး မြို့နယ်အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက် လေ့ကျင့်ခန်းများပြုလုပ်ကြကာ ပျော်ပွဲရွှင်ပွဲအဖြစ် ငွေကျပ် ၅၁၀၀၀၀ တန်ဖိုးရှိ ကံစမ်းမဲများဖောက်ပေးခဲ့ကြောင်း သိရသည်။ **(တိုင်း မြန်/ဆက်)**

ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဝူရှူးပြိုင်ပွဲ ရထားပို့ဆောင်ရေးအသင်း စုပေါင်းတံခွန်စိုက် ဆုဖလားဆွတ်ခူး

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - မေသန်း (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၈ခုနှစ် ပထမအကြိမ်ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဝူရှူးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် ညနေပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ ရထားပို့ဆောင်ရေးအသင်းက စုပေါင်းတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသွားသည်။

ပထမဆု

ပြိုင်ပွဲအပြီးတွင် ထောက်လုပြိုင်ပွဲ၌ ရထားပို့ဆောင်ရေးအသင်းက ရွှေခုနစ်ခု၊ ငွေ နှစ်ခု၊ ကြေး လေးခုဖြင့်

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ထောက်လုပြိုင်ပွဲ ပထမဆုရ ရထားပို့ဆောင်ရေးအသင်းအား ဆုဖလား ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ပထမဆုရရှိသွားပြီး သစ်တောက ရွှေငါးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် ဒုတိယ၊ စက်မှု(၂)က ရွှေလေးခု၊ ငွေလေးခု၊ ကြေးနှစ်ခုဖြင့် တတိယ၊ ကာကွယ်ရေးက ရွှေနှစ်ခု၊ ငွေခုနစ်ခု၊ ကြေးနှစ်ခုဖြင့် စတုတ္ထ၊ မြို့တော်စည်ပင်က ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် ပဉ္စမ၊ ဘဏ္ဍာ/အခွန်က ရွှေတစ်ခု၊ ကြေး နှစ်ခုဖြင့် ဆဋ္ဌမတို့ရရှိကြသည်။ ဆန်းဆိုပြိုင်ပွဲ၌ ကာကွယ်ရေးက ရွှေငါးခု၊ ငွေငါးခု၊ ကြေးတစ်ခုဖြင့် ပထမရရှိသွားပြီး ရထားပို့ဆောင်ရေးက ရွှေသုံးခုဖြင့် ဒုတိယ၊ ပြည်ထဲရေးက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုဖြင့် တတိယ၊ စက်မှု(၂)က ငွေ နှစ်ခု၊ ကြေး နှစ်ခုဖြင့် စတုတ္ထ၊ ဘဏ္ဍာ/အခွန်က ငွေ နှစ်ခု၊ ကြေး တစ်ခုဖြင့် ပဉ္စမ၊ သစ်တောက ကြေး တစ်ခုဖြင့် ဆဋ္ဌမတို့ ရရှိကြသည်။

ပြိုင်ပွဲနှစ်ခုပေါင်းတွင် ရထားပို့ဆောင်ရေးက ရွှေ ၁၀ခု၊ ငွေသုံးခု၊ ကြေးလေးခုဖြင့် ဗိုလ်စွဲသွားပြီး ကာကွယ်ရေးက ရွှေခုနစ်ခု၊ ငွေ ၁၁ခု၊ ကြေးသုံးခုဖြင့် ဒုတိယ၊ သစ်တောက ရွှေငါးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် တတိယ၊ စက်မှု(၂)က ရွှေလေးခု၊ ငွေခြောက်ခု၊ ကြေးလေးခုဖြင့် စတုတ္ထ၊ ပြည်ထဲရေးက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုဖြင့် ပဉ္စမ၊ မြို့တော်စည်ပင်က ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် ဆဋ္ဌမ၊ ဘဏ္ဍာ/အခွန်က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုဖြင့် သတ္တမတို့ ရရှိကြသည်။ တံခွန်စိုက်ဆုဖလားများကို စုပေါင်းပြိုင်ပွဲ၌ ရထားပို့ဆောင်ရေးအသင်း၊ ထောက်လုပြိုင်ပွဲ၌ ရထားပို့ဆောင်ရေး အသင်းနှင့် ဆန်းဆိုပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းတို့က ဆွတ်ခူးရရှိသွားသည်။

ချီးမြှင့်

တံခွန်စိုက်ဆုဖလားများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းတို့က ပေးအပ်ချီးမြှင့်ကြသည်။

ပြင်ဆင်

ပြိုင်ပွဲကို ဒီဇင်ဘာ၁၈ရက်မှ၂၁ရက် အထိကျင်းပခဲ့ပြီး လက်ရွေးစင်အားကစားသမားများပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုပြိုင်ပွဲမှ ထူးချွန်သူများကို ရွေးချယ်၍ လာမည့် (၂၅)ကြိမ်မြောက် လာအိုဆီးဂိမ်းအတွက် လေ့ကျင့်ပြင်ဆင်သွားမည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

ထောက်လုပြိုင်ပွဲနှင့် စုပေါင်းပြိုင်ပွဲတွင် တံခွန်စိုက် ဆုဖလားများ ဆွတ်ခူးရရှိသွားသော ရထားပို့ဆောင်ရေးအသင်းအား ဆုယူအပြီး တွေ့ရစဉ်။

(မြန်မာ့အလင်း)

24-12 (05).pmd 1 12/24/2008, 1:46 AM

မြောင်းမြမြို့နယ်၌ နှမ်းပေါင်းနှင့်ကန်သင်းပေါင်းနေကြာ စပေါင်းစိုက်ပျိုး တောင်ပေါ်စုကျေးရွာ အထကကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်လှစ်

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ဒီဇင်ဘာ ၁၈ရက် နံနက် ၆နာရီက တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအုပ်စု ကွင်းအမှတ်၂၁၁+၁၅ ဦးပိုင်အမှတ် (၁၅/၁) တောင်သူဦးရာပုလုံး၏ လယ်မြေ ဧက ၁၂ဝ၌ နှမ်းပေါင်းနှင့် ကန်သင်းပေါင်းနေကြာ စပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသော အထွက်ကောင်းမျိုးများနှင့် သဘာဝမြေသြဇာများကို လည်းကောင်း၊ မြောင်းမြမြို့ ပြည့်စုံစက်မှုလက်မှုလုပ်ငန်းမှ ထုတ်လုပ်သော စွမ်းအင် ချွေတာရေး မီးသွေးလောင်စာ အသုံးပြု စက်သုံးဆီ အစားထိုး စွမ်းအင်ထုတ်ရေတင်စက်ဖြင့် နှမ်းပေါင်းသီးထပ်ရင် စိုက်ပျိုးရန် ရေတင်နေမှုကိုလည်းကောင်း၊ မြေပြုပြင်ထွန်ယက်နေမှုကိုလည်းကောင်း၊ ကန်သင်းပေါင်များ၌ ဆင်းရွှေကြာ(၂) နေကြာမျိုး စိုက်ပျိုးနေမှုကိုလည်းကောင်းကြည့်ရှုအားပေးကာ နေကြာစိုက်ကျင်းအတွင်း နေကြာမျိုးစေ့ထည့်သွင်းစိုက်ပျိုးပေးပြီး တာဝန်ရှိသူများနှင့် တောင်သူများအား လိုအပ်သည်များ မှာကြားသည်။

စိုက်ပျိုးသွားမည်

မြောင်းမြမြို့နယ်အနေဖြင့် နှမ်းပေါင်းလျာထား ၁၁၂၇၂၄ဧကတွင် ၃၇၁၆၈ဧက စိုက်ပျိုးပြီးစီး၍ ဆီထွက်သီးနှံ၁ဝ၉၃၇ဧက၊ ပဲမျိုးစုံဧက၃၅၂၄ဝ စိုက်ပျိုးသွားမည် ဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် International Beverages Trading Co., Ltd. မှ ဆောက်လုပ်လှူဒါန်းသော မြောင်းမြမြို့နယ် တောင်ပေါ်စုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ IBTC ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးတင်ဦးတို့ ဖွင့်ပွဲအထိမ်းအမှတ်မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး IBTC ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးတင်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်ပညာရေးမှူးဒေါ်ခင်ပြုံးညိုက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ တောင်ပေါ်စုအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ်သည် အလျားပေ၈ဝ၊ အနံပေ၃ဝရှိပြီး တစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်၍ IBTC ကုမ္ပဏီလီမိတက်မှ လေးယောက်ထိုင်ခုံအမြင့် အစုံ၃ဝ အပါအဝင် ငွေကျပ်သိန်း၂၅ဝနှင့် ဒေသပြည်သူထည့်ဝင်ငွေကျပ်၂၄သိန်းဖြင့် ဆောက်လုပ်ဖွင့်လှစ်ခြင်းဖြစ်သည်။

တက်ရောက်အားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် IBTC ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသော လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကံကော်ကုန်းအခြေခံပညာမူလတန်းကျောင်း၌ ငွေကျပ်၉၂သိန်းဖြင့် အလျားပေ၆ဝ၊ အနံပေ၃ဝရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးကျောင်းဆောင်သစ်ဖွင့်ပွဲကိုလည်းကောင်း၊ ကျောက်ဖျာလေးကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ငွေကျပ်သိန်း၄ဝဝဖြင့် အလျားပေ၈ဝ၊ အနံပေ၃ဝရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုး ကျောင်းဆောင်သစ်ဖွင့်ပွဲကိုလည်းကောင်း တက်ရောက်အားပေးကြောင်း သိရသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ရေနံချောင်းမြို့နယ်၌ ပညာရွှေဆုံ စာကြည့်တိုက်အဆောက်အအုံဖွင့်

မကွေး ဒီဇင်ဘာ ၂၃

မကွေးတိုင်း ရေနံချောင်းမြို့နယ် ချောင်းဆုံကျေးရွာ ပညာရွှေဆုံ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်နိုင်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပညာရွှေဆုံစာကြည့်တိုက် အဆောက်အအုံသစ်ကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်နိုင်ထွန်း၊ ကျေးရွာဥက္ကဋ္ဌဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ပညာရွှေဆုံ စာကြည့်တိုက်အတွက် ဗီရိုနှစ်လုံး၊ စာအုပ်တင်စင် နှစ်ခု၊ စားပွဲသုံးလုံး၊ ပလတ်စတစ်ဆက်တီ တစ်စုံ၊ ခွေးခြေခုံ ၁၈လုံး၊ ၂၁လက်မရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး စုစုပေါင်းငွေကျပ် ၄၈၈၈ဝဝကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ပြီး အဆောက်အအုံတိုးချဲ့ရန်အတွက် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။ အဆိုပါ စာကြည့်တိုက်သည် ၂၁ပေ×၁၄ပေ အကျယ်ရှိပြီး ငွေကျပ်သိန်း ၃ဝတန်ဖိုးရှိ အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အပျော် အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျော်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၆ဝနှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ဧကဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဖျော်အထက ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေထည့်ဝင်လိုပါက ဦးကျော်ဆန်း ဖုန်း-၀၁-၅၄၀၈၀၂နှင့် ဦးမြင့်နိုင် ဖုန်း-၀၁-၅၃၀၆၀၆၊ ၀၁-၃၇၁၈၀၀တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် အဖျော်မြို့သို့ သွားရောက်မည့်ခရီးစဉ်ကို စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ဗန်းမော်မြို့နယ်၌ ကျင်းပ

ဗန်းမော် ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမော်မြို့၌ ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းအေးက အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၆ရက် နံနက် ၉နာရီက ကျိုင်းတုံမြို့ ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက အမှာစကား ပြောကြားသည်။ **(ယာပုံ)** ထို့နောက် ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ တာချီလိတ် ခရိုင် ဦးစီးအရာရှိများက ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ (၅)ရပ်နှင့်အညီ ခိုင်မာစာကြည့်တိုက်အဖြစ် ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြပြီး ၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ဒုတိယပတ်၊ တတိယပတ် လူထုလမ်းလျှောက်ပွဲများ မော်လမြိုင်မြို့နယ်၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

မော်လမြိုင်မြို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာဒုတိယပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၅နာရီခွဲက ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား သုံးသောင်းကျော်တို့က မော်လမြိုင်မြို့ အထက(၁)ရှေ့ သိပ္ပံလမ်းထိပ်မှစတင်၍ ကမ်းနားလမ်း အတ္တရံဟိုတယ်၊ ဒိုင်းဝန်ကွင်းလမ်း၊ အနောက်တပ်မြေလမ်းမှ ရာမညအားကစား ပြိုင်ဝင်းအထိ စုပေါင်းတပျော်တပါး လမ်းလျှောက်ပွဲဆင်နွှဲကြပြီး စုပေါင်းကာယလေ့ကျင့်ခန်းများကို ပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

တပျော်တပါးလမ်းလျှောက်

မော်လမြိုင်မြို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၅နာရီခွဲက စုစုပေါင်း အင်အားသုံးသောင်းနှစ်ထောင်ကျော်တို့က မောရဝတီပန်းခြံမှ ရာမညအားကစားပြိုင်ဝင်းအထိ စုပေါင်းတပျော်တပါး လမ်းလျှောက်ကြပြီး စုပေါင်းကာယလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

(သတင်းစဉ်)

မြန်မာ့ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆန်စပါးနယ်ပယ်တွင်ပါဝင်သူအားလုံး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်ပိုင်ရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအသင်းများနှင့် ပြည်နယ်နှင့်တိုင်းတို့မှ ဆန်စပါးလုပ်ငန်းရှင်များ၊ ပြည်ပသို့ဆန်တင်ပို့လျက်ရှိသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဆန်စပါးကျွမ်းကျင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့မှု ပိုမိုတိုးတက်စေရေးအတွက် တောင်သူလယ်သမား၊ ကုန်သည်နှင့်ပြည်ပတင်ပို့သူတို့ ညီညွတ်စွာဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးနယ်ပယ်တွင် ပါဝင်သူအားလုံးက ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဖတ်ကြားဆွေးနွေး

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဆန်စပါးကျွမ်းကျင်သူစာတမ်းရှင် ၁၀ဦးတို့က ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (ကုန်သည်/စက်မှု)

စုပေါင်းလမ်းလျှောက်ပွဲ ပေါင်မြို့၌ကျင်းပ

ပေါင် ဒီဇင်ဘာ ၂၃

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပေါင်မြို့နယ် ဒီဇင်ဘာ အားကစားလ ပြည်သူ့အားကစား လှုပ်ရှားမှု(ပထမပတ်)လူထု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၅နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ စုရပ်မှ ပေါင်မြို့မအားကစားကွင်းသို့ ပြည်သူများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၀၀ကျော်တို့ ပါဝင်လမ်းလျှောက်ကြပြီး မြို့မအားကစားကွင်းအတွင်း ကိုယ်ကာယ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။

(၁၇၆)

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ရွှေဘိုတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ရွှေဘို ဒီဇင်ဘာ ၂၃

မီးဘေးကြိုတင်ကာကွယ်ရေးမီးငြိမ်းသတ်မှုသရုပ်ပြဇာတ်တိုက် လေ့ကျင့်ပွဲကို ရွှေဘိုမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ် (ဝ၆၄၈)တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးဝင်းမောင်၊ စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးပေါင်ရှင်းမုန်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများက ပေါင်ဒါ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့အသုံးပြု မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို ကြည့်ရှုပြီး မြို့နယ် မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင် ကာကွယ်ရေးစီစဉ်ထားရှိမှုများနှင့် မီးသတ်ပစ္စည်းကိရိယာများ အရန်သင့်ထားရှိမှုများကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်းချိုးဖောက်သူများ မော်လမြိုင်မြို့၌ စစ်ဆေးအရေးယူ

မော်လမြိုင် ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် စစ်ဆေး အရေးယူရေး ဆပ်ကော်မတီမှ ယာဉ်ထိန်း တာဝန်ခံ ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ တပ်မတော်တပ်ထိန်းအဖွဲ့၊ ပြည်နယ်၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှု ကော်မတီဝင်များ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဒီဇင်ဘာ ၂၁ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီး တစ်လျှောက်၊ အထက်လမ်းမကြီးတစ်လျှောက် အဝေးပြေးကားဂိတ်ရှေ့၊ လမ်းဆုံ၊ လမ်းခွတို့၌ ယာဉ်မောင်းများ ယာဉ်စည်းကမ်း လိုက်နာမှု ရှိမရှိ စစ်ဆေးခြင်းနှင့် မော်တော်ဆိုင်ကယ်များ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ မောင်းနှင်ခြင်း ရှိမရှိ စစ်ဆေးကြသည်။ (ဝဲပုံ)

စစ်ဆေးမှု ပြုလုပ်ရာ မော်တော်ဆိုင်ကယ် မောင်းနှင်ရာတွင် ဆိုင်ကယ်ဦးထုပ်မဆောင်းမှု အရေးယူခံရသူ ၄၅၈ဦး၊ သုံးဦးပါ မောင်းနှင်သူ ၃၅၇မှု၊ ယာဉ်မောင်းလိုင်စင် မပါရှိသူ ၁၈၃ ဦး၊ ယာဉ်စည်းကမ်းချိုးဖောက်သူ ၉၉ ဦးနှင့်စုစုပေါင်းအမှု၁၀၈၇မှုတို့ကိုအရေးယူခဲ့သည်။(၀၁၄)

မြစ်ကြီးနား ဆရာအတတ်သင်ကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

မြစ်ကြီးနား ဒီဇင်ဘာ ၂၃

မြစ်ကြီးနားမြို့ ဆရာအတတ်သင်ကျောင်း (၁၉၅၂ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ) တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ပြည့် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲကျင်းပရေး တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၆ရက် မွန်းတည့် ၁၂နာရီက မြစ်ကြီးနားမြို့ အထက(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖိတ်ကြားထား

အစည်းအဝေးတွင် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးဘထွန်းက အမှာစကားပြောကြားပြီး ပူဇော်ပွဲကျင်းပမည့် ပညာရေးကောလိပ်ကျောင်း ဘဏ္ဍာစစ်သည်ခန်းမ အားလပ်မှုအခြေအနေအရ ယခင်သတ်မှတ်ထားသည့် ကျင်းပမည့်ရက် ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၇ရက် နံနက်၁၀နာရီအစား ဇန်နဝါရီ၂၄ရက် နံနက် ၁၀နာရီတွင်ကျင်းပသွားရန် အစည်းအဝေးက ဆုံးဖြတ်ပြီး အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် သင်တန်းသားသင်တန်းသူများအား ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင်ကျင်းပမည့် ပူဇော်ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(၀၀၃)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဟသ်ာတမြို့နယ်တွင် ကျင်းပ

ဟသ်ာတ ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်း ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မဲကြီးကျွန်းကျေးရွာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်ကဗျာရွတ်ပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် ညနေ ၃နာရီက မဲကြီးကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကွင်းပြင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မဲကြီးကျွန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမင်းမင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းက ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမောင်မောင်ညွန့်က သုတ၊ရသစာအုပ် ၅၀ ကျော်ကို ကျေးရွာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကုလားကြီးက လက်ခံရယူသည်။ ထို့နောက် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ (ခရိုင် ပြန်/ဆက်)

24-12 (07).pmd 1 12/24/2008, 1:46 AM

အဆောက်အအုံများ စံချိန်စံညွှန်းကိုက်ညီအောင် တည်ဆောက် စက်ရုံထုတ်တာယာများ အရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဒီဇင်ဘာ၂၁ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ မရမ်းကုန်းရော်ဘာခြံသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရေဒီယယ်တာယာထုတ်လုပ်မှု စက်ရုံစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း တာဝန်ခံက စက်ရုံတည်ဆောက်ပြီးစီးမှု၊ ရေရရှိရေးဆောင်ရွက်မှု၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုတို့ကို ရှင်းလင်း တင်ပြပြီး ဝန်ကြီးက အဆောက်အအုံများကို သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီအောင် တည်ဆောက်ရန်၊ မိုးမကျမီ အမိုးအကာအဆင့်ရောက်ရှိရေးနှင့် ရည်မှန်းချက်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန်တို့ကို မှာကြားပြီး စက်ရုံစီမံကိန်းဧရိယာအတွင်း ကြည့်ရှုစစ်ဆေးသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (သထုံ)သို့ ရောက်ရှိရာ စက်ရုံအထွေထွေမန်နေဂျာက စက်ရုံ၏ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှု၊ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူထားရှိမှု၊ ငွေကြေး အခြေအနေနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မိမိစက်ရုံမှထုတ်လုပ်သော တာယာ များ၏ အရည်အသွေးကောင်းမွန်ရေးနှင့် Cost Management ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ရေး မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သစ်တောပညာဌာန
ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သစ်တောပညာဌာနတွင်ပညာဆည်းပူး ခဲ့သောသိပ္ပံ (သစ်တော)ဘွဲ့ရ ကျောင်း သားဟောင်းများ၏ အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန် မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (I.B.C) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်း သား ဟောင်းများ ဖိတ်စာရသည်ဖြစ် စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြ ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်ကျော်လွင် ဖုန်း-၀၆၇-၄၀၅၀၁၅၊ ဦးကျော်ဆွေ ဖုန်း-၀၁-၆၈၁၉၁၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေဇွာမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ရေဇွာ ဒီဇင်ဘာ ၂၃

ချင်းပြည်နယ် စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုး အောင်သည် ရေဇွာမြို့သို့ သွားရောက် ပြီး မြို့နယ်သာယာလှပရေးနှင့် မြို့ရေ ပေးဝေရေး ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၂၀ရက်က ကွင်းဆင်း စစ် ဆေးရာ ရေဇွာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင် ဦးက ရှင်းလင်းတင်ပြကြောင်း သိရ သည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၃

မုံရွာစီးပွားရေးတက္ကသိုလ် (၁၀)နှစ်မြောက် ဆရာကန်တော့ပွဲ

မုံရွာစီးပွားရေးတက္ကသိုလ်တည်ထောင်သော (၁၀)နှစ်မြောက်အထိမ်း အမှတ် ဆရာကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့)နံနက် ၉နာရီတွင် အဆိုပါတက္ကသိုလ် ဘက်စုံခန်းမ အဆောင်၄(သုံးထပ်ဆောင်)၌ ကျင်းပမည်ဖြစ်သည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(ဝန်ထမ်းဟောင်း)သက်ကြီးပူဇော်ပွဲ

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အငြိမ်းစားယူခဲ့သော အသက် ၇၅နှစ်အထက် ဝန်ထမ်းဟောင်းများအား နဝမအကြိမ်မြောက် သက်ကြီး ပူဇော်ပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်၃၈ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက်၁၀နာရီခွဲတွင် ကျင်းပမည်။

အထက(၄) ကမာရွတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အထက(၄) ကျောင်းသားကျောင်းသူ ဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေ နေ့)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုပါက အထက(၄) ကမာရွတ် ဖုန်း-၅၃၆၀၁၀သို့ ဆက်သွယ်နိုင်ကြသည်။

သက်တန်းအလိုက် ရေကူးပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့ ပူးပေါင်းကျင်းပသော ၂၀၀၉ခုနှစ် ဒုတိယအကြိမ် Denk Pharma Cup သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ် ရေးနေ့)တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

နတ်တလင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

နတ်တလင်းအသင်း(ရန်ကုန်)၏၂၀၀၈ခုနှစ်နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘွဲ့ထူး၊ ဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှော်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (MMEA) ၏ နှစ်ပတ် လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ညစာစားပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) ညနေ၅နာရီတွင် ဘုရင့်နောင်လမ်း ရေကြောင်းသိပ္ပံရှေ့ရှိ Lion City Hall စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာ ဆရာကြီး ပူဇော်ပွဲ

သိပ္ပံနှင့်နည်းပညာများ သင်ကြားပေးခဲ့သော ဆရာကြီး ဒေါက်တာ စောတင်အားပူဇော်ပွဲနှင့် ညစာစားပွဲကို ၂၀၀၉ခုနှစ်ဇန်နဝါရီ၄ရက် ညနေတွင် ပန်ဒါပိုတယ်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တက္ကသိုလ်၊ စက်မှုတက္ကသိုလ် (RIT) ၊ နည်းပညာတက္ကသိုလ် (YTU) နှင့်တက္ကသိုလ် အသီးသီးမှ B.Sc (Hons), M.Phil, M.Sc, M.Res, Ph.D ဘွဲ့ရ ဆရာကြီး၏ တပည့်များ တက်ရောက်ကြပါရန်နှင့် ဦးကျော်မြင့် ဖုန်း-၀၉-၅၀-၀၇၈၉၆၊ ဦးသိန်း ထွန်း ဖုန်း-၀၉-၅၀-၀၃၃၇၀နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၀-၇၃၇၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ စာရင်းသွင်းနိုင်

ရန်ကုန်မြို့ တောင်ဥက္ကလာပဂေါက်ကွင်း၌ ဒီဇင်ဘာ၂၅ရက် မွန်းတည့် ၁၂နာရီမှစ၍ မသန်စွမ်းသူများဂေါက်သီးရိုက် (နှစ်ကူးလျှပ်တစ်ပြက်) ပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၄၂၉၄၁ သို့ ဆက်သွယ်စာရင်းပေးပြီး တောင် ဥက္ကလာပဂေါက်ကွင်းသို့ ဒီဇင်ဘာ၂၅ရက် နံနက်၁၁နာရီ သတင်းပို့နိုင်သည်။

ကျိုက်မရောမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျစားသောက်ဆိုင်၌ ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကြို့ပင်ကောက်အသင်း ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ

ကြို့ပင်ကောက်မြို့နယ်အသင်း၏၂၀၀၈ခုနှစ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ်ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်စည်ပင်သာယာရေးမှော်ရုံ၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်မည်

ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက် အဖွဲ့၏ ဂေါက်ရိုက်ပြိုင်ပွဲကို သန်လျင်ဂေါက်ကွင်း၌ ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့)နံနက်၆နာရီတွင် ကျင်းပမည်ဖြစ်သည်။ ॥ ***(မြန်မာ့အလင်း)***

စုစည်းရေးသားသူ-ဝင်းကျော်

○ *ကျောဖုံးမှ*

"ပြိုင်ပွဲတွေ အနေနဲ့ကတော့ လတ်တလောမှာတစ်ပြည်လုံးအတိုင်း အတာနဲ့ အလွယ်တကူ ယှဉ်ပြိုင်နိုင် စေဖို့ ပွဲစဉ်တွေ သတ်မှတ်တဲ့အခါ ဒုန်းပြိုင်ပွဲ(မြင်းကြီးတန်း)၊ ဒုန်းပြိုင်ပွဲ (မြင်းပုတန်း)၊ မြန်မာအသားကျ စီးနည်း အပြေးပြိုင်ပွဲနဲ့ တန်းအလှခုန် ပြိုင်ပွဲတွေ ထည့်သွင်းထားပါတယ်။ ပြိုင်ပွဲတွေကိုလာမယ့် ၂၀၀၉ခုနှစ် ဇန်နဝါရီ၂ရက်မှ ၄ရက်အထိ ကျင်းပ သွားမှာ ဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌ ဦးညိမ်းကျော်က ဆက်လက်ရှင်းပြ သည်။

ကျင်းပမည်

မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် အနေဖြင့် လာမည့် ဇန်နဝါရီ ၂ရက် နံနက်၈နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်ရုံးအနီး ရန်ကုန် မြင်းစီးအသင်း အားကစားကွင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။ ထိုနေ့တွင် မြင်းပုတန်း ဒုန်းပြိုင်ပွဲ အတွက်ပဏာမပြိုင်ပွဲများ၊ မြင်းကြီး တန်းပြိုင်ပွဲအတွက် ပဏာမပြိုင်ပွဲ များ ကျင်းပသွားမည်ဖြစ်သည်။

"ပြိုင်ပွဲ ဒုတိယနေ့ဖြစ်တဲ့ ဇန်နဝါရီ၃ရက်မှာတော့ မြန်မာ့ရိုးရာ အသားကျ ပဏာမပြိုင်ပွဲများနဲ့ အပြီးသတ်ပြိုင်ပွဲတွေ ကျင်းပမှာ ဖြစ်ပြီး တန်းအလှခုန်ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်။ တတိယနေ့ဖြစ်တဲ့ ဇန်နဝါရီ ၄ ရက် နောက်ဆုံးနေ့မှာတော့ မြင်းပုတန်း ဒုန်းပြိုင်ပွဲ အပြီးသတ်ပြိုင်ပွဲနဲ့ မြင်းကြီးတန်းပြိုင်ပွဲအတွက် အပြီး သတ်ပြိုင်ပွဲများနဲ့ ဆုပေးပွဲတွေ ဆက်တိုက်ကျင်းပပေးသွားမှာပါ"ဟုဥက္ကဋ္ဌ ဦးညိမ်းကျော်က ရှင်းပြသည်။

ပြိုင်ပွဲ ဆုကြေးငွေများကလည်း မက်မောစရာပင်ဖြစ်သည်။ဒုန်းပြိုင်ပွဲ (မြင်းကြီးတန်း) ပထမဆု အတွက် ငွေကျပ် ၁၅သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀သိန်းနှင့်တတိယဆုအတွက်ငွေကျပ် ငါးသိန်းတို့ဖြစ်သည်။ဒုန်းပြိုင်ပွဲ(မြင်းပု တန်း)အတွက် ပထမဆုငွေကျပ် ခုနစ် သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်းနှင့် တတိယဆု ငွေကျပ်သုံးသိန်းတို့ ဖြစ် သည်။ ထို့အတူ မြန်မာ့ရိုးရာ အသား

"မြင်းစီး အားကစားကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စိတ်ဝင်စားစေချင်လို့ပါ"
ဦးညိမ်းကျော်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်

ကျ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း နှင့် တတိယဆု ငွေကျပ် နှစ်သိန်းတို့ ချီးမြှင့်မည်ဖြစ်သည်။တစ်ဖန်တန်းခုန် ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းနှင့် တတိယဆုအတွက် ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည့်အပြင်အတန်း တိုင်းအတွက် ဆုဖလားများပါ ပေးအပ် မည်ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်၊ ရန်ကုန်မြင်းစီး အသင်းတို့၏ ယာယီမြင်းဇောင်းများ ရှိရာသို့ ထွက်လာခဲ့သည်။ ပြိုင်ပွဲဝင် မြင်းများ စုစုပေါင်းအကောင်၂၀ကျော် ရောက်ရှိနေပြီဖြစ်ရာအရောင်အမျိုးမျိုး နှင့် အရွယ်အစားအမျိုးမျိုးတို့ကို တွေ့ရ သည်။အချို့မြင်းများမှာ အရပ်မြင့်မား သလိုကိုယ်လုံးကိုယ်ထည် တောင့်တင်း သန်စွမ်းပြီး ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်နေ သည်။

မြင်းဇောင်းအနီး မိုးလုံလေလုံ မြင်းစီးအားကစားကွင်းအတွင်း တန်း ခုန်လေ့ကျင့်နေသော မြင်းများကို သွား ရောက်လေ့လာခဲ့ရာ သတ်မှတ်ထား သော တန်းများကို လှပစွာ ကျော်လွှား နေသည့် မြင်းများကို တွေ့ရသည်။ ပုဂံမင်းသမီးအမည်ရှိမြင်းမှာ မန္တလေး တိုင်း ညောင်ဦးမြို့နယ် ငါလင်းပုတ် ကျေးရွာမှဖြစ်ပြီး မြင်းစီးသမားဇင်မင်း ဦးက စီးနင်းလေ့ကျင့်နေသည်။

ကြည့်ရှု

ထို့အတူ ရန်ကုန်မြင်းစီးအသင်းမှ အရပ် ငါးပေ တစ်လက်မ မြင့်သော မာယာမြင့် အမည်ရှိ မြင်းမကို မြင်းစီး မအိသက်မွန်က တန်းခုန်လေ့ကျင့်နေ သည်ကို တွေ့ရသည်။ သန်မာထွား ကျိုင်းသော မြင်းများ၏ ကြွကြွရွရွ ပြေးကာ လွှားခနဲ လွှားခနဲ ခုန်ကျော် နေမှုကိုကြည့်ရသည်မှာ စိတ်ဝင်စား စရာ ကောင်းလှသည်။

ဒုန်းပြိုင်ပွဲ (မြင်းစီးတန်း) ဝင်ပြိုင် မည့်မြင်းများဖြစ်သောထိပ်ကွက်၊ ကန် တိမ်မ၊ Breze၊ ရွှေဦး၊ ငမိုး စသည့် မြင်းကြီးများလည်း ရောက်ရှိနေပြီ ဖြစ်သလို ဒုန်းပြိုင်ပွဲ (မြင်းပုတန်း) ၌ ပါဝင်ယှဉ်ပြိုင်မည့် မြင်းများ ဖြစ်သည့် ချောမှချော၊ ရွှေအိမ်စံ၊ ထက်ထက်ကျော်အမည်ရှိ မြင်းများ လည်း ရောက်ရှိနေကြပြီဖြစ်သည်။ ထို့အတူ တန်းအလှခုန်ပြိုင်ပွဲဝင်မည့် ရွှေမင်းသမီး၊ အိမ၊ စိန်နီမေ၊ ထက်ထက် အမည်ရှိ မြင်းများလည်း ရောက်ရှိလေ့ကျင့်နေကြပြီဖြစ်သည်။ တစ်ဖန် မြန်မာအသားကျစီးနည်း အပြေးပြိုင်ပွဲဝင်မည့် မြတ်ကုရွှေဦး၊ လေးလုံးဖြူ၊ ပုဂံမင်းသမီး အမည်ရှိ မြင်းများကလည်း ရောက်ရှိလေ့ကျင့် နေကြပြီဖြစ်ရာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။

ပြိုင်ပွဲဝင်ရန် ရောက်ရှိနေသည့် မြင်းများမှာ မိတ္ထီလာ၊ ညောင်ဦး၊ မကွေး၊ ဆားမလောက်၊ ငါလင်းပုတ် ရွာ၊ တောင်ဥက္ကလာပနှင့် ရန်ကုန် မြင်းစီးအသင်းတို့မှ မြင်းများဖြစ်ပြီး ဆက်လက်၍လည်းအခြားမြို့ရွာများမှ မြင်းများ ရောက်ရှိလာကြဦးမည်ဖြစ် သည်။

မြင်းစီးအားကစား

ထို့ကြောင့် မြင်းစီးအားကစား ဖွံ့ဖြိုးရေးနှင့် ပြည်သူများ စိတ်ဝင် စားမှု ပိုမိုများပြားလာစေရန် အပြင် စိတ်ဖိစီးမှုများ ကျဆင်းစေသည့် မြင်းစီးအားကစားအပေါ် စိတ်ဝင် စားသည့်သူများအတွက်ပါဝင်ဆင်နွှဲရန် အခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါ သည်။ ॥

(မြန်မာ့အလင်း)

မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့နံနက် ၇နာရီတွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု တောမရွာသို့ရောက်ရှိပြီး တောင်သူဦးမြင့်သိန်း၊ ဦးစိုးမောင်တို့၏ မြေအောက်ရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆)မျိုး မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ခင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထွက်ရှိ

ဝါတောင်သူများ ပိုမိုစီးပွားဖြစ်ထွန်းစေရန် အထွက်နှုန်းကောင်းသော ငွေချည်(၆)ဝါမျိုးသစ်များပြောင်းလဲပေးခြင်း၊ အမြင့်ဆုံးအထွက်နှုန်းရရှိစေရန် နည်းစနစ်များ ပံ့ပိုးပေးခြင်းတို့ကို ဝါစိုက်ဒေသအားလုံးတွင် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းက ဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာခရိုင်တွင်လည်း ဝါတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပင်ဖြစ်ထွန်းမှုအခြေအနေများအရ တစ်ဧကလျှင် ဝါပိဿာ၁၁၀၀နှင့်အထက် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် မြာကျေးရွာအုပ်စု နတ်ကြီးရွာသစ်အနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြုပြင်လျက်ရှိသည့် ပေါက်ရိုးဆည်ကို စစ်ဆေးသည်။

အထောက်အကူပြု

အဆိုပါဆည်သည် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း အထူးစီမံကိန်းဖြင့် ပြန်လည်ပြုပြင်နေသည့် ဆည်ငယ်၊ ကန်ငယ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဒေသအတွင်း စိုက်ပျိုးရေအပြင် ကျေးရွာသောက်သုံးရေ ရရှိစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမည့်ဆည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အထိမ်းအမှတ်

ဒါကြောင့် အဲဒီနေ့(ဒီဇင်ဘာ၂၈)ရက်ကို ကမ္ဘာ့ရုပ်ရှင်များနေ့လို့သတ်မှတ်ခဲ့တာဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ပွဲတွေ ကျင်းပလာခဲ့တာ ဖြစ်ပါတယ်။

သတင်းပျံ့နှံ့သွား

ပြင်သစ်ညီအစ်ကိုနှစ်ဦး စတင်ခဲ့တဲ့ ရုပ်ရှင်ကားပိုင်းတိုလေးတွေအကြောင်း သတင်းပျံ့နှံ့သွားပြီးတဲ့နောက်မှာ ပြင်သစ်လူမျိုးဂျော့မယ်လီ၊ အမေရိကန်နိုင်ငံသား အက်ဒ်ဝင်အက်စ်ပေါ်တာနဲ့ ဒီဒဗလျူဂရစ်ဖစ်တို့အစွမ်းနဲ့ ရုပ်ရှင်ဟာ အနုပညာရပ် တစ်ခုအဖြစ် ပေါ်ထွန်းခဲ့ပါတယ်။

မြန်မာ့ရုပ်ရှင်ကိုတော့ ၁၉၂၀ပြည့်နှစ် အောက်တိုဘာ ၁၃ရက်မှာ"**မေတ္တာနှင့်သူရာ**" ဇာတ်ကားနဲ့စတင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ရုပ်ရှင်နေ့ကို နှစ်စဉ်အောက်တိုဘာ၁၃ရက် သတ်မှတ်ပြီး အထိမ်းအမှတ်ပွဲတွေ ကျင်းပခဲ့တာပါပဲ။

ကမ္ဘာ့ရုပ်ရှင်နေ့

လာမယ့် ဒီဇင်ဘာ၂၈ရက်မှာတော့ ၁၁၃နှစ်မြောက် ကမ္ဘာ့ရုပ်ရှင်နေ့ ရောက်ရှိမှာဖြစ်လို့ မြန်မာနိုင်ငံမှာလည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က ကြီးမှူးပြီး အထိမ်းအမှတ် အခမ်းအနားပြုလုပ်ဖို့ ရှိနေပါတယ်။

တင်ဆက်ပြသမည်

အဲဒီကမ္ဘာ့ရုပ်ရှင်နေ့မှာတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ခန်းမကြီးမှာ "Nanook Of The North" ဆိုတဲ့ မှတ်တမ်းရုပ်ရှင်ကို တင်ဆက်ပြသမှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဇာတ်ညွှန်း၊ ဓာတ်ပုံနဲ့ဒါရိုက်တာ Robert J Flaherty က ရိုက်ကူးပြီး ဂီတမှူးက Staniey Sil Verman ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ ပါဝင်တဲ့သူတွေကတော့ Nanook, Nyla, Cunayou, Allee Allegoo တို့ဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ ဇာတ်လမ်းကတော့ ၁၉၂၂ ခုနှစ်က အမေရိကန့် ကနေဒါနယ်စပ်မှာရှိတဲ့ အက်စ်ကီးမိုးလူမျိုးတို့ရဲ့ အသက်ရှင်ရေးနဲ့ နေထိုင်ရေးအတွက် ရုန်းကန်နေရတဲ့ တကယ့်ဘဝအဖြစ်မှန်တွေကို ရိုက်ကူးထုတ်ဖော်ပြသထားတာပဲ ဖြစ်ပါတယ်။

အနုပညာမြောက်

ဒီဇာတ်ကားကို ဘာဖြစ်လို့ ရွေးချယ်ရတာလဲဆိုတာနဲ့ ပတ်သက်ပြီး "ပထမဆုံး မှတ်တမ်းတင် ရုပ်ရှင်ကားတို့ရဲ့ ဖခင်ကြီး (Father of Documentary)ဘွဲ့ရ ရောဘတ်ဖျေဖလက်ဟာတီရဲ့ အနုပညာမြောက်မှတ်တမ်းရုပ်ရှင် ဇာတ်ကားကြီးဖြစ်လို့ပါ။ နောက်ပြီး မြန်မာနိုင်ငံမှာ မှတ်တမ်းတင်ဇာတ်ကားကို မော်ကွန်းရုပ်ရှင်က ရိုက်ကူးတာများပြီး ပြင်ပမှာ ရိုက်ကူးကြတာ နည်းနေပါတယ်။ ဇာတ်လမ်းရုပ်ရှင်သာမက မှတ်တမ်းရုပ်ရှင်ပါ စိတ်ဝင်စားမှုများလာစေဖို့ အတွက်လည်း ရည်ညွှန်းပြီးပြသတာပါ။ ဒါ့အပြင် ဒီလိုမှတ်တမ်းရုပ်ရှင်တွေကလည်း ပြည်ပဝင်ငွေရရှိအောင် စွမ်းဆောင်နိုင်တဲ့ အနေအထားရှိတယ်ဆိုတာလည်း သိစေချင်လို့ အခုလို ရွေးချယ်တင်ဆက်ပေးခြင်းလည်းဖြစ်ပါတယ်"လို့ ယင်းဇာတ်ကားကို စီစဉ်တင်ဆက်သူ ဒါရိုက်တာကြည်စိုးထွန်းက ပြောပြပါတယ်။

အခမဲ့လာရောက်ကြည့်ရှုနိုင်

ဒါကြောင့် ကမ္ဘာ့ရုပ်ရှင်နေ့ ကျရောက်မယ့် ဒီဇင်ဘာ၂၈ရက်မှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမမှာ အဲဒီဇာတ်ကားကို မည်သူမဆိုအခမဲ့ သွားရောက်ကြည့်ရှုနိုင်ပါကြောင်း အနုပညာသတင်းအဖြစ် ဖြန့်ခင်းပေးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပေါင်းလောင်းအသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံဘုရားတောင်ဘက်မုခ် အလံပြဘုရားလမ်းရှိ ရွှေကျင်မြို့နယ် အသင်းဓမ္မာရုံ၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ခံ ပုဂ္ဂိုလ်များစာရင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ စာရင်းကို အသင်းတည်ရှိရာ ဖုန်း-၀၁-၅၀၂၅၃၅၊ ၀၁-၅၀၂၅၃၆၊ ၀၁-၅၂၆၆၇၄ တို့သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တားဆီးကာကွယ်ရေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် အိမ်သုံးဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေး ဟောပြောပွဲကို ဒီဇင်ဘာ၁၉ရက်ညနေ ၃နာရီက အထက(၃) ကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှဌေးက လူငယ်လူရွယ်များ စာရိတ္တမဏ္ဍိုင် ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးညွှန့်ညွှန့်ဌေးက လူငယ်များဘဝ လှပမြင့်မားစေရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်သမ်းက မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်တင်အုန်းက အိမ်သုံးဆေးဝါး အန္တရာယ်ကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

တက်ရောက်

အခမ်းအနားသို့ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထက(၃)မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၅၀ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးဆွေးနွေး

လားရှိုး ဒီဇင်ဘာ ၂၃

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ ဦးစောတီနေထူး (လက်ထောက်အင်ဂျင်နီယာ)၊ ဦးမျိုးကိုကိုမောင် (စက်မှုကျွမ်းကျင်-၃)၊ ဦးလှသောင်း(ဒုဦးစီးမှူး)၊ဦးမြင့်ဦး (စာရင်းကိုင်-၂)၊ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှဦးကျော်လှ (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဦးမျိုးမင်းဆွေ (အကြီးတန်းစာရေး)၊ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်သန်းကြွယ်၊ တပ်ကြပ်ကြီးဇော်ခင်၊ မော်တော်ယာဉ်လိုင်းပေါင်းစုထိန်းသိမ်းကြီးကြပ်မှု ကော်မတီမှ ဦးတင့်လွင်၊ ဦးစောသန်းထွန်းတို့နှင့် အတူ ဒီဇင်ဘာ၁၄ရက် ညနေ၅နာရီက လားရှိုးမြို့ မန်ဆူ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ လားရှိုးမှ မန္တလေးသို့ ခရီးသည်တင်ပြေးဆွဲမည့်ရဲမာန်အောင်၊ ကွတ်ခိုင်-မန်း မော်တော်ယာဉ် အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ပါရှိမှု ရှိမရှိတို့ကို ရှောင်တခင် စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆ ဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(ပြည်နယ်ကညန)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ၂၇ရက် (စနေနေ့)နံနက်၁၀နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မှအသင်းဝင် ဆရာဝန်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ပြောကြား

အသက်ဖဝနှင့် ၇၀ အကြား အမျိုးသား၊ အမျိုးသမီးကြီးများ အနေဖြင့် နေ့စဉ် တစ်နာရီခန့် ဗီဒီယိုဂိမ်း ကစားပေးပါက ဦးနှောက် မှတ်ဉာဏ် ချို့တဲ့မှု၊ သတိမေ့တတ်မှုများ မဖြစ်ပေါ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့သော် နေ့စဉ် အချိန်ကြာမြင့်စွာ ဗီဒီယိုဂိမ်း ကစားပါကလည်း ဦးနှောက် ကျန်းမာရေးကို ထိခိုက်စေကြောင်း အမေရိကန်သုတေသနပညာရှင်က သတိပေးထားသည်။

ချယ်လ်ဆီးတို့သရေကျပြီး အိမ်ပြန်မလှ တန်းစီဇယား၌ လီဗာပူးတို့ဦးဆောင်နိုင်မြဲ

စုစည်းတင်ပြသူ-မောင်ချစ်ကြည်



လန်ဒန် ဒီဇင်ဘာ ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၁၈) လက်ကျန်ပွဲအဖြစ် အဲဗာတန်နှင့်ချယ်လ်ဆီးတို့ ဒီဇင်ဘာ၂၃ရက်က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖိုးတန်နှစ်မှတ် ဆုံးရှုံးခဲ့ရသည်။

ထင်တိုင်းမပေါက်

ဂျိုကိုးလ်နှင့်အနယ်လ်ကာ တိုက်စစ်အတွဲက အဲဗာတန်နောက်တန်းကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဂိုးရအောင်မသွင်းနိုင်ခဲ့ချေ။ လမ်းပတ်နှင့် ဘောလက်တို့က ကွင်းလယ်ကို ထိန်းချုပ်ရန်ကြိုးစားသော်လည်း အဲဗာတန်ကွင်းလယ်ကစားသမား အာတီတာနှင့်ဖီလာနီတို့က ခြေစွမ်းပြမှုကြောင့် ထင်တိုင်း မပေါက်ခဲ့ချေ။

ကာကွယ်နိုင်

အဲဗာတန်တိုက်စစ်မှူး တင်ကာဟေးနှင့် အိုစမန်တို့က ချယ်လ်ဆီးနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်ခဲ့ရာ ဂိုးသွင်းခွင့် ၁၂ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း ချယ်လ်ဆီး ဂိုးသမားပီတာချက် ကာကွယ်နိုင်ခဲ့သည်။ ၂၂မိနစ်၌ အဲဗာတန်တိုက်စစ်မှူး အိုစမန်ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဖီလာနီခေါင်းတိုက်သွင်းမှုကို ပီတာချက်က ကာကွယ်နိုင်ခဲ့သည်။

အဲဗာတန်တို့က အိမ်ကွင်း၌အနိုင်ရရေး ထိုးဖောက်ကစားခဲ့ရာချယ်လ်ဆီးနောက်တန်းခံစစ်မှူးတယ်ရီ ၃၅မိနစ်၌ အနီကတ်ပြ အထုတ်ခံရသဖြင့် ချယ်လ်ဆီးတို့ ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။ ၄၅မိနစ်၌ အဲဗာတန်ကွင်းလယ်ကစားသမား ဖီလာနီခေါင်းတိုက်ချက်နှင့် မိနစ်၈၀၌ ဖီလာနီခြောက်ကိုက်အကွာမှ ကန်သွင်းချက်များကို ဂိုးသမားပီတာချက် ကာကွယ်နိုင်၍သာ ချယ်လ်ဆီးတို့ သက်သာခဲ့ခြင်းဖြစ်သည်။

ထိုးဖောက်ကစား

အဲဗာတန်နှင့် ချယ်လ်ဆီးတို့ ပွဲတွင် ချယ်လ်ဆီးမှ ဂျိုကိုးလ်(ယာ)၌သို့ ထိုးဖောက်ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)



အဝါကတ်ထိ

ချယ်လ်ဆီးက ဂျိုကိုးလ်အစား အီဗန်နိုဗစ်၊ အနယ်လ်ကာအစား ဒရော့ဘာ၊ ဒေကိုအစား ဝိန်းဘရစ်ချ်တို့ကို အစားထိုးပြီး တိုက်စစ်အရှိန်မြှင့်ခဲ့သော်လည်း အဲဗာတန်ဘက်သို့ အပိုင်ကန်သွင်းခွင့် တစ်ကြိမ်သာရရှိခဲ့သည်။ချယ်လ်ဆီးတို့ ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့ရာမှ လမ်းပတ်၊ အက်ရှ်လေကိုးနှင့် ဘောလက်တို့လည်း အဝါကတ်ထိခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် သရေပွဲဖြစ်ကာ တစ်မှတ်စီခွဲယူခဲ့ရသည်။ ချယ်လ်ဆီးတို့ တစ်မှတ်ကိုပိုက်ပြီး တယ်ရီလည်းပွဲပယ်ပြစ်ဒဏ်ခံရကာ အိမ်ပြန်မလှဖြစ်ခဲ့သည်။**(အင်တာနက်)**

ပရီမီယာလိဂ်ပွဲစဉ်(၁၈)အပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	လီဗာပူး	၁၈	၁၁	၆	၁	၃၉
၂	ချယ်လ်ဆီး	၁၈	၁၁	၅	၂	၃၈
၃	ဗီလာ	၁၈	၁၀	၄	၄	၃၄
၄	မန်ယူ	၁၆	၉	၅	၂	၃၂
၅	အာဆင်နယ်	၁၈	၉	၄	၅	၃၁
၆	ဟူးလ်စီးတီး	၁၈	၇	၆	၅	၂၇
၇	အဲဗာတန်	၁၈	၇	၅	၆	၂၆
၈	ဖူလ်ဟမ်	၁၇	၆	၆	၅	၂၄
၉	ဘော်လ်တန်	၁၈	၇	၂	၉	၂၃
၁၀	ပို့စ်မောက်	၁၈	၆	၅	၇	၂၃
၁၁	ဝီဂန်	၁၇	၆	၄	၇	၂၂
၁၂	နယူးကာဆယ်	၁၈	၅	၇	၆	၂၂
၁၃	ဆန်းဒါးလန်း	၁၈	၆	၃	၉	၂၁
၁၄	မစ်ဒယ်ဘရော့	၁၈	၅	၅	၈	၂၀
၁၅	စတုတ်	၁၈	၅	၅	၈	၂၀
၁၆	စပါး	၁၈	၅	၄	၉	၁၉
၁၇	ဝက်စ်ဟမ်း	၁၈	၅	၄	၉	၁၉
၁၈	မန်စီးတီး	၁၈	၅	၃	၁၀	၁၈
၁၉	ဘလက်ဘန်း	၁၈	၄	၄	၁၀	၁၆
၂၀	ဝက်စ်ဘရွန်း	၁၈	၄	၃	၁၁	၁၅

ယာဉ်အန္တရာယ်ကင်းစေဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့

ရန်ကုန်မြို့ကို လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ် လျော့နည်းသွားစေရန်အတွက် ၁၉၇၀ပြည့်နှစ် မေလ ၂၄ရက်နေ့တွင် တစ်လမ်းမောင်းစနစ်ကိုလည်းကောင်း၊ ၁၉၇၀ပြည့်နှစ် ဒီဇင်ဘာလ ၆ရက်နေ့တွင် လက်ယာကပ်မောင်းစနစ်ကိုလည်းကောင်း ချမှတ်ကျင့်သုံးခဲ့သည်။ ယာဉ်မောင်းများအတွက် စည်းကမ်း၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးစီးသူများအတွက် စည်းကမ်း၊ ခြေကျင်သွားလာသူများအတွက် စည်းကမ်းများကိုပါ စနစ်တကျချမှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသော ၁၉၄၈ခုနှစ်တွင် တစ်နိုင်ငံလုံး၌ မော်တော်ယာဉ်မျိုးစုံ ၃၀၄၄၉စီးရှိခဲ့ပြီး မော်တော်ဆိုင်ကယ် ၂၅၂၂စီး ရှိခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့တွင် ယာဉ်မျိုးစုံ ၁၀၉၉၇စီးနှင့် မော်တော်ဆိုင်ကယ် ၁၁၀၂စီး ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၌ မော်တော်ယာဉ်မျိုးစုံ ၄၃၀၁၅၅ စီးရှိပြီး ရန်ကုန်မြို့တွင် ယာဉ်မျိုးစုံ ၁၆၅၀၆၁စီး ရှိခဲ့သည်။

ရန်ကုန်မြို့၏ စာရင်းအရ ၁၉၆၂ခုနှစ်တွင် ယာဉ်တိုက်မှု ၁၀၂၈ ကြိမ်ဖြစ်ခဲ့ပြီး ဒဏ်ရာရသူ ၁၀၃၂ ယောက်ရှိကာ သေဆုံးသူ ၇၄ယောက် ရှိခဲ့သည်။ လူဦးရေနှင့်ယာဉ်စီးရေ မြင့်မားလာသော ၂၀၀၀ပြည့်နှစ်တွင် ယာဉ်တိုက်မှု ၇၇၈ကြိမ်ဖြစ်ခဲ့ရာ ဒဏ်ရာရသူ ၁၃၉၃ယောက်နှင့် သေဆုံးသူ ၁၀၃ယောက်ရှိလာခဲ့သည်။ ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရ ရန်ကုန်မြို့၏ ခုနစ်နှစ်တာကာလ ယာဉ်တိုက်မှုအခြေအနေ၊ သေဆုံးမှုနှင့် ဒဏ်ရာရမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရသည်-

ခုနှစ်	ယာဉ်တိုက်မှု	သေဆုံးဦးရေ	ဒဏ်ရာရဦးရေ
၂၀၀၁	၈၂၁	၂၅၁	၁၄၃၅
၂၀၀၂	၉၆၆	၁၂၅	၁၆၆၇
၂၀၀၃	၉၃၂	၁၂၆	၁၅၆၄
၂၀၀၄	၉၁၄	၁၂၂	၁၃၇၂
၂၀၀၅	၉၀၆	၉၈	၁၃၅၉
၂၀၀၆	၁၃၁၇	၁၂၉	၁၈၀၀
၂၀၀၇	၉၂၉	၁၃၃	၁၅၅၀

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် စုံစမ်းမေးမြန်းချက်များအရ မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် ယာဉ်တိုက်မှု ၅၀၀၀နှင့် ၆၀၀၀ ကြားရှိနေပြီး မော်တော်ယာဉ်နှင့် လမ်းသွားလမ်းလာတိုက်မှုမှာ ၃၅ရာခိုင်နှုန်း၊ အနေးယာဉ်နှင့် မော်တော်ကားတိုက်မှုမှာ ၁၅ရာခိုင်နှုန်း၊ အနေးယာဉ်နှင့် လမ်းသွားလမ်းလာတိုက်မှုမှာ ၅၀ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်အန္တရာယ်ဖြစ်မှုနှုန်းကို တွက်ချက်ကြည့်ရာ တစ်နှစ်ကို ယာဉ်စီးရေ ၁၀၀၀၀လျှင် ယာဉ်တိုက်မှု ၈၀ခန့် ဖြစ်ပွားကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းပြု လေ့လာချက်အရ သိရှိရသည်။ ယာဉ်တိုက်မှု ၅၀ရာခိုင်နှုန်းခန့်မှာ ယာဉ်နှင့်လမ်းဖြတ်ကူးသူ သို့မဟုတ် ယာဉ်နှင့်ဆိုက်ကား အနေးယာဉ်တို့အကြား ဆက်စပ်ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

နှစ်စဉ် ယာဉ်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးရမှုမှာ ယာဉ်အစီးရေ ၁၀၀၀၀လျှင် ၂၄ဦးရှိသည်။ အခြားအသက်အရွယ်များထက် အသက် ၃၀နှင့် ၄၀အရွယ်ရှိယာဉ်မောင်းများတွင် ယာဉ်တိုက်မှုအဖြစ်များကြောင်းတွေ့ရသည်။

ရန်ကုန်မြို့တွင်း ခုနစ်မြို့နယ်ဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် ဆိပ်ကမ်း မြို့နယ်များကို ယာဉ်တိုက်ခိုက်မှုကင်းမဲ့ဇုန်အဖြစ် ၁-၁-၂၀၀၈ရက်မှ စတင်သတ်မှတ် ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်မောင်းနှင်သူများအားလုံး အဆိုပါဇရိယာအတွင်း မည်သည့်အကြောင်းနှင့်မျှ ယာဉ်တိုက်မှု မဖြစ်ပွားစေရေး သတိပြုမောင်းနှင်ကြရန် ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက တိုက်တွန်းနိုးဆော်ထားသည်။ အနေးယာဉ်များမှာလည်း သတ်မှတ်ထားသော စည်းကမ်းများအတိုင်း စနစ်တကျစီးနင်းကြရန်နှင့် ကန့်သတ်ထားသည့် ဇရိယာအတွင်း ဝင်ရောက်စီးနင်းခြင်းမပြုရန်၊ ခြေကျင်လျှောက် ပြည်သူများမှာလည်း လူသွားစင်္ကြံမှ သွားလာကြပြီး လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော် တံတားတို့မှသာ လမ်းဖြတ်ကူးကြရန်နှင့် လမ်းဘေးဈေးသည်များမှာလည်း သတ်မှတ်ပေးထားသည့် နေရာ၌သာ စနစ်တကျရောင်းချကြရန် သတိပေးနှိုးဆော်ထားသည်။

ဖော်ပြပါစည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်ဆင့်သတိပေးထားသည်။ ယာဉ်တိုက်မှုကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားသော မြို့နယ်ခုနစ်မြို့နယ်အတွင်း ယာဉ်စည်းကမ်း ဖောက်ဖျက်ကျူးလွန်သူများနှင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်လာပါက သာမန်အရေးယူမှုများထက် ပိုမိုထိရောက်ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်အရေးယူလျက်ရှိသည်။

လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော်တံတားတို့မှ လမ်းဖြတ်ကူးသူများနှင့် သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာခြင်းမရှိသော လမ်းဘေးဈေးသည်များကိုလည်း စစ်ဆေးအရေးယူလျက်ရှိသည်။ အဆိုပါမြို့တွင်း ခုနစ်မြို့နယ်ရှိ မီးပွိုင့်များ၊ လူကူးမျဉ်းကျားများကို မြို့တော်စည်ပင်က စီစဉ်ပြင်ဆင်ပေးလျက်ရှိပြီး မြို့တွင်းယာဉ်ကြောရှုပ်ထွေးမှုများ၊ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းသွားစေရန် အဆင့်မြင့်ယာဉ်ရပ်နားစခန်းများကို စီစဉ်ထားသည်။ ယခင် လဟာပြင်ဈေး မြေကွက်လပ်နေရာတွင် ယာဉ်စီးရေ အများအပြားရပ်နားနိုင်သော ရန်ကုန်မြို့၏ အကြီးဆုံးကားပါကင်အဖြစ် အသုံးပြုလျက်ရှိပြီး အခြားသင့်လျော်ရာ မြေကွက်များတွင်လည်း တိုးချဲ့အကောင်အထည်ဖော်လျက်ရှိသည်။

ဘတ်စ်ကားမှတ်တိုင်များ နီးကပ်နေခြင်း၊ စည်းကမ်းမဲ့ကားရပ်၍ လူအတင်အချ ပြုလုပ်နေကြခြင်းကြောင့်လည်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိရာ ဘတ်စ်ကားမှတ်တိုင်အချို့ကို ပြောင်းရွှေ့ရပ်တန့်စေခြင်း၊ ကားမှတ်တိုင်တွင် အချိန်ကြာမြင့်စွာရပ်တန့်၍ ခရီးသည်စောင့်ခြင်း၊ စည်းကမ်းမဲ့ရပ်တန့်ခြင်းများ မဖြစ်ပေါ်ရအောင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှုများ အတန်အသင့် သက်သာလာသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ယင်းဆောင်ရွက်ချက်များ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကာ အောင်မြင်မှုရရှိခြင်းအပေါ်မူတည်၍ ယာဉ်တိုက်မှုကင်းမဲ့ဇုန်နယ်မြေများကို ထပ်မံတိုးချဲ့သွားမည်ဖြစ်သည်။

အထက်ပါလုပ်ငန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကြီးကြပ်မှုကော်မတီများက ဦးဆောင်စီမံလုပ်ကိုင်သွားရုံဖြင့် လုံလောက်မည် မဟုတ်ပေ။ ရန်ကုန်မြို့နေ မိဘပြည်သူများ ပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်မှုကို အပြည့်အဝ ရရှိနိုင်မည်ဖြစ်သည်။

သန်းထွန်းညို

လမ်းများ၊ ပလက်ဖောင်းများကောင်းမွန်ရေးကို မြို့တော်စည်ပင်က တာဝန်ယူ ပြုပြင်လျက်ရှိသကဲ့သို့ မီးပွိုင့်များကောင်းမွန်ရေး၊ လူကူးမျဉ်းကျားများ ဆေးသားပီပြင်ကျနရေး၊ လမ်းညွှန်ဆိုင်းဘုတ်နှင့် သင်္ကေတပြဆိုင်းဘုတ်များ မြင်သာထင်သာရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။ ကောင်းမွန်သော ပလက်ဖောင်းပေါ်တွင် ခရီးသွားပြည်သူများ သက်သာချောင်ချိစွာ သွားလာနိုင်ရေးအတွက် လမ်းဘေးဈေးသည်များကို စည်းကမ်းနှင့်အညီ စနစ်တကျ ရောင်းချကြစေရန် ကြပ်မတ်နေသည်။

လူကူးခုံးကျော်တံတားများ သန့်ရှင်းသပ်ရပ်ရေးနှင့် ကျူးကျော်ဈေးသည်များ တံတားများပေါ်တွင် မရှိစေရေးကိုလည်း စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။ ရေနုတ်မြောင်းများကို နွေမိုးဆောင်းရာသီမရွေး ရေစီးရေလာ ကောင်းမွန်နေစေရန် စီမံလျက်ရှိသည်။ မြောင်းဖုံးများကိုလည်း စနစ်တကျ ရှိနေစေရန် စီစဉ်နေသည်။ ခြေကျင်လျှောက်သူ ခရီးသွားများ ပလက်ဖောင်းပေါ်မှ စနစ်တကျသွားလာနိုင်ခြင်းသည် လမ်းစည်းကမ်းကောင်းမွန်ရေးနှင့် ယာဉ်အန္တရာယ်လျော့ပါးရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကောင်းမွန်ရေးကိစ္စများတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြီးကြပ်ရေးကော်မတီဝင်များသာမက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များပါ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါက ပိုမိုထိရောက် ကောင်းမွန်မည်ဖြစ်သည်။ စည်းကမ်းမဲ့ ရပ်တန့်ထားသော မော်တော်ယာဉ်များသည် ခြေကျင်ခရီးသွားများအား အလွန်အနှောင့်အယှက်ဖြစ်စေသည်။

ထို့အတူပင် ကြော်ငြာဘုတ်များကိုလည်း လူသွားလမ်းနှင့်လွတ်အောင်ထားရှိသင့်သည်။ လူသွားလမ်းနှင့်မလွတ်ကင်းသော ကြော်ငြာဘုတ်များ၊ ကြော်ငြာနုတ်များသည် ခြေကျင်ခရီးသွားများအား များစွာအနှောင့်အယှက်ဖြစ်စေသည်။

ယာဉ်အန္တရာယ်ကင်းစေရန် ယာဉ်နှင့်ယာဉ်မောင်းတို့ ကောင်းမွန်ရန် အလွန်အရေးကြီးသည်။ မော်တော်ယာဉ် အစဉ်သဖြင့် ကြံ့ခိုင်နေစေရန် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းတို့သည် အမြဲဂရုပြု ထိန်းသိမ်းပြုပြင်ရမည် ဖြစ်သည်။ ယာဉ်မောင်းသည် အသောက်အစားကင်းသူ၊ စည်းကမ်းရှိသူ ဖြစ်သင့်သည်။ ကိုယ်ချင်းစာတရားရှိသူ၊ စိတ်ရှည်သူဖြစ်သင့်သည်။ သို့မှသာ ခရီးသွားပြည်သူတို့၏ဘဝ လုံခြုံစိတ်ချရမည်ဖြစ်သည်။

လမ်းဘေးဈေးသည်များသည် စည်းကမ်းထိန်းသိမ်းကြပ်မတ်သူ ဝန်ထမ်းများကြောင့်သာမဟုတ်ဘဲ မိမိအသိစိတ်ဖြင့် စည်းကမ်းလိုက်နာသူ၊ စနစ်ကျနသူများဖြစ်သင့်သည်။ မိမိတို့ရောင်းချသော ကုန်ပစ္စည်း၊ စားသောက်ကုန်စသည်တို့မှ ဘေးထွက်ပစ္စည်း အကြွင်းအကျန်များကို စနစ်တကျစွန့်ပစ်လေ့ရှိသူများ ဖြစ်သင့်သည်။ စည်းကမ်းမဲ့ စွန့်ပစ်တတ်သော လမ်းဘေးဈေးသည်များ၏ အမှိုက်သရိုက်နှင့် စားကြွင်းစားကျန်များကြောင့် မြို့၏အလှအပကို အကျည်းတန်စေရုံသာမက ရေမြောင်းများပိတ်ဆို့ခြင်း၊ ကြွက်ပေါများခြင်း၊ ယင်ကောင်ပေါများခြင်းတို့ကိုပါ ဖြစ်စေသဖြင့် ကျန်းမာရေးထိခိုက်စေနိုင်သည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

ရန်ကုန်မြို့တစ်ခွင်လုံး ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။ သို့သော် အချို့ယာဉ်မောင်းများသည် အလျင်စလိုနိုင်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကြောင့် ဟွန်းတီးလျက်ရှိသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နေရသည်။

ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို ပညာပေးဟောပြောခြင်း၊ သတင်းစာများမှ ဆောင်းပါးများဖြင့် ပညာပေးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး ဥပဒေထုတ်ပြန်ပေးခြင်းတို့ကြောင့် ဆေးလိပ်သောက်သုံးမှု သိသိသာသာလျော့ကျလာသကဲ့သို့ အများပြည်သူသုံး ယာဉ်များပေါ်တွင် ဆေးလိပ်သောက်သုံးမှု မရှိသလောက် နည်းပါးသွားသည်မှာ များစွာဝမ်းသာစရာကောင်းလှသည်။ သို့သော် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တချို့သည် ဟန်ပါပါ စီးကရက်ခဲ၍ အလုပ်လုပ်နေကြရာ အကြည့်ရအလွန်ဆိုးသည်။

ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုလျော့နည်းကျဆင်းစေရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အရေးပေါ်လူနာတင်ယာဉ်နှစ်စီးဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့နေ လူတန်းစားအသီးသီးသည် ယာဉ်တိုက်မှု ကင်းစင်ရေးအတွက် ပူးပေါင်းပါဝင်။ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များသာမက ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ခရီးသည်များ၊ ဈေးသည်များ၊ စားသုံးသူများ၊ ခြေကျင်သွားလာသူများ အားလုံးပင်တာဝန်ရှိသူများဖြစ်။ ရန်ကုန်မြို့ကြီး ကမ္ဘာ့အဆင့်မီ သန့်ရှင်းသပ်ရပ်ရေး၊ ခေတ်မီလှပရေး၊ ယာဉ်တိုက်မှု ကင်းစင်ရေးတို့အတွက် မိဘပြည်သူများ အားလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်သင့်။

ဒုလ္လဘတရားငါးပါးတွင် လူ့အဖြစ်ကိုရခဲခြင်းမှာလည်း တစ်ပါးအပါအဝင်ဖြစ်သည်။ လူတိုင်းသည် ကျန်းမာချမ်းသာစွာ သက်တမ်းစေ့ အသက်ရှည်ချင်ကြသည်။ သို့သော် အသက်၊ ကံ နှစ်ပါးကုန်၍ သေဆုံးခြင်းမဟုတ်ဘဲ ဥပစ္ဆေဒကကံခေါ် ကပ်၍ဖြတ်တတ်သော ကံမတော်တဆမှုများကြောင့် နေ့စဉ်လူများ သေဆုံးနေကြသည်။ သိသာထင်ရှားသော မတော်တဆမှုတွင် ယာဉ်တိုက်မှုသည် ထိပ်ဆုံးမှပါနေသည်။ ယာဉ်တိုက်မှုကြောင့် ကွယ်လွန်သွားသူသည် မိဘအုပ်ထိန်းသူ အိမ်ထောင်ဦးစီးဖြစ်ပါက ကျန်ရစ်သူ၊ မှီခိုသူ သားသမီးများအတွက် ရွှေတောင်ကြီးပြိုလဲခြင်းပင် ဖြစ်သည်။ သားသမီးများ ကွယ်လွန်ရခြင်းဖြစ်ပါက မိဘများအတွက် အသည်းနှလုံး ပျက်ကြေပြုန်းရခြင်းပင် ဖြစ်သည်။

ထို့ကြောင့် **ရန်ကုန်မြို့နေ လူတန်းစားအသီးသီးသည် ယာဉ်တိုက်မှုကင်းစင်ရေးအတွက် ပူးပေါင်းပါဝင်သင့်လှသည်။ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များသာမက ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ခရီးသည်များ၊ ဈေးသည်များ၊ စားသုံးသူများ၊ ခြေကျင်သွားလာသူများအားလုံးပင် တာဝန်ရှိသူများဖြစ်သည်။ ရန်ကုန်မြို့ကြီး ကမ္ဘာ့အဆင့်မီ သန့်ရှင်းသပ်ရပ်ရေး၊ ခေတ်မီလှပရေး၊ ယာဉ်တိုက်မှုကင်းစင်ရေးတို့အတွက် မိဘပြည်သူများအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်သင့်**ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

24-12 (10).pmd 1 12/24/2008, 1:46 AM

မကွေးတိုင်းအတွင်း စီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ၂၁ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပွင့်ဖြူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဝန်ကြီးအား စက်ရုံ ရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် စက်ရုံမှူးတို့က ကုန်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် လေကာပင်ကြီးများ တစ်အုပ်တစ်မ စိုက်ပျိုးရန်၊ စက်ရုံပိုင် မြေလွတ်များတွင် ဝါတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

သိုလှောင်ထား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင်(ပွင့်ဖြူ)၊ မကွေးမြို့ ဝင်းသူဇာ အရောင်းဆိုင်နှင့် အချိုရည်စက်ရုံ (မကွေး) တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးမြို့ရှိ ဆပ်ပြာစက်ရုံ (မကွေး)ကို ကြည့်ရှုစစ်ဆေးပြီး တောင်တွင်းကြီး ဝါကြိတ်စက်ရုံသို့ ရောက်ရှိကာ ငွေချည်(၆)ဝါများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မြင်းမွေးမြူရေးစခန်း

ဝန်ကြီးသည် ဒီဇင်ဘာ၂၂ရက် နံနက်ပိုင်းတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် စရစ်ကျယ်ကျေးရွာအနီးရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ မြင်းမွေးမြူရေးစခန်း(ရန်ပယ်)စီမံကိန်း **(အပေါ်ပုံ)** နှင့် ပြောင်းဖူးထွက် ထုတ်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်) စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝါစိုက်ကွင်း

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါစိုက်ကွင်းသို့ ရောက်ရှိပြီး ငွေချည်(၆)ဝါများ စိုက်ပျိုးထားမှု၊ ဝါဆွတ်ခူးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာ့ဆက်သွယ်ရေး အမြန်လမ်းမ လက်လှည့်ဖုန်းခေတ်မှသည် Prepaid ကတ်စနစ်ဆီသို့အရွေ့၊ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သုံးသပ်တင်ပြချက်များ၊ ဂျီအက်စ်အမ် Prepaid ကတ်များ အရေအတွက် အကန့်အသတ်မရှိ ဖြန့်ချိရောင်းချမည် သတင်းများပါ အချပ်ပိုစာမျက်နှာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅၀) ထွက်ရှိလာသည်။

ကဏ္ဍစုံလင်

ယင်းအပြင် မြန်မာ့ပြောင်းဖူးစေ့ တန်ချိန်နှစ်သိန်း တရုတ်သို့တင်ပို့မည်၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ထူးဖောင်ဒေးရှင်းက နှစ်ရှည်အငှားဖြင့် လွှဲပြောင်းယူပြီ၊ မြန်မာနိုင်ငံတွင် ပထမဆုံး Prepaid ကတ်စနစ်သုံး ဝိုင်ဖာအင်တာနက်သတင်းဆက်သွယ်မှု လာမည့်နှစ်ဆန်းတွင် အသုံးပြုနိုင်တော့မည်၊ မြန်မာကျောင်းသူနှစ်ဦး ကိုရီးယားပညာသင်ဆုရရှိ၊ ပဲအသင်း စနစ်တကျ ပြန်လည်ဖွဲ့စည်းပြီး ပြည်ပဈေးကွက် ရှာဖွေတင်ပို့မည်၊ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ ကုန်သွယ်ရာတွင် သွင်းကုန်ပမာဏထက် ပို့ကုန်တန်ဖိုး ပိုမိုရရှိ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ မြို့တော်နှင့် ဘတ်စ်ကားများအကြောင်း၊ ကောလာဟလတွေကို လက်ခံမထားဘဲ အမြဲတမ်းစိတ်ရှင်းအောင်ထားတတ်တဲ့ သဇင်နှင့်တွေ့ဆုံခြင်း၊ ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

ဆိုမာလီ ပင်လယ်ဓားပြနှိမ်နင်းရေး နိုင်ငံတကာ ပါဝင်လုပ်ဆောင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးအကြိမ်ခွင့်ပြု၊ အီးယူပါလီမန်က ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဆိုပြုချက်များ သဘောတူထောက်ခံ၊ ၂၀၀၈ခုနှစ်အတွင်း ကမ္ဘာတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်ကျရောက်မှုများ၊ အေပီသတင်းထောက်နှင့် ဓာတ်ပုံဆရာများ စီမံအုပ်ချုပ်သူ၏ ရပ်တည်ချက်ကို မကျေနပ်၍ သတင်းဆောင်းပါးများ မထုတ်ပေးဟုဆို၊ တစ်ကြိမ်ချောင်းဆိုး နှာချေလျှင် ငါးမိနစ်အတွင်း ခရီးသွားဖော် ၁၅၀အထိ ရောဂါပိုးပျံ့နှံ့စေနိုင်၊ ချိုင်းမွေးရှည်ခြင်းကို နှေးကွေးစေသည့် ချွေးနံ့ပျောက်ဆေး မကြာမီဈေးကွက်တင်ရောင်းချမည်၊ သမီး၏ရောဂါဝေဒနာကို မကြည့်ရက်နိုင်တော့သဖြင့် သတ်လိုက်ခြင်းဖြစ်သည် ဟူသော သံသယဖြင့် မိခင်ကို ရဲက ဖမ်းဆီးစစ်ဆေး မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့က ကြီးမှူးဖွင့်လှစ်သည့် ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းလက်မှတ်ပေး

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Han Sein Thant Engineering and Trading တို့၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာခင်မောင်ညို (ဘောဂဗေဒ) က ကပ်ကျော်စီးပွားရေး (Recession Proof Business) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မအူပင်မြို့ အလက(၁) ယမုံနာကျောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

မအူပင်မြို့ အလက(၁) ယမုံနာ အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား ၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်(လွတ်လပ်ရေးနေ့) နံနက်၉နာရီတွင် ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် အဝေးရောက် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အချိန်မီ သတင်းပို့ကြရန်နှင့် ဖိတ်စာမရသော်လည်း တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေ ထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကျော် ဖုန်း-၀၄၅-၃၀၄၇၂၊ ဦးညီညီလွင် (အရှေ့ဘက်ကမ်း) ဖုန်း-၀၉-၈၅-၈၅၁၆၇၊ ဦးမောင်သိန်း(ခ) ဦးစီ မန္တလေးရွှေဆိုင် ဖုန်း-၀၄၅-၃၀၄၇၆၊ ဦးမြင့်သိန်း(ခ)ဦးနီ မြမဥ္ဇူဆေးဆိုင် ဖုန်း-၀၉-၈၅-၈၆၅၀၇၊ ဦးဝမ်ကြည် ဖုန်း-၀၉-၈၅-၈၅၁၅၄၊ ဦးမွေရမ်း (ခ) ဦးကျော်မျိုးထွန်း ကျားမုန့်တိုက် ဖုန်း-၀၄၅-၃၀၈၉၉၊ ဦးထွန်းထွန်း ဖုန်း-၀၉-၈၅-၈၅၄၃၈၊ ကိုညီမင်းနိုင်(ခ) သားသားလေး ဖုန်း၀၉-၅၁-၇၈၁၅၅၊ ကိုဇော်လင်းဦး(ခ) ကိုကောင်ငယ် (YKKO) ဖုန်း-၀၉-၅၀-၀၇၀၅၂နှင့် မအေးအေးတင့် (ညောင်ပင်လေးဈေး) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ASEAN Schools Tour 2008 ခရီးစဉ်ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ASEAN Schools Tour 2008 အစီအစဉ် ASEC Delegation အဖွဲ့ မန္တလေးမြို့သို့ရောက်ရှိ ကျောင်းသားလူငယ်များနှင့်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၃

ASEAN Schools Tour 2008 အစီအစဉ်အရ Dr.Termsak Chalermpalamupap ဦးဆောင်သော ASEC Delegation အဖွဲ့သည် ယမန်နေ့နံနက် ၉နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ဖျော်ဖြေတင်ဆက်

ASEAN Schools Tour 2008 ခရီးစဉ်ဖွင့်ပွဲ အခမ်းအနားတွင် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ အောင်စေပိုင်စေ တပင်တိုင်အကဖြင့် ဖျော်ဖြေပြီး အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်းမှ တိုင်းရင်းသား မောင်မယ်များက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်သက်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က အမှာစကားပြောကြားသည်။

အမေးအဖြေ

ထို့နောက် ASEAN Community ဗီဒီယိုသရုပ်ပြ၍ ကျောင်းသား ကျောင်းသူများအား Pop Quizzes အစီအစဉ်ဖြင့် မေးမြန်းပြီး Delegation အဖွဲ့ခေါင်းဆောင် Dr.Termsak Chalermpalamupap က အမှာစကား ပြောကြားကာ ကျောင်းသား ကျောင်းသူများအား ASEAN Quiz အမေးအဖြေကဏ္ဍ ပြုလုပ်သည်။

ယင်းနောက် ASEAN ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများက ရှင်းလင်းတင်ပြပြီး ASEAN Countries ဂုဏ်ပြုအစီအစဉ်ကို ဆက်လက်ကျင်းပရာ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ထောင်ရောင်နေ ကြိုးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေ၍ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ပန်းခြင်းပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ASEAN Delegation အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဖျော်ဖြေရေးအဖွဲ့ ကျောင်းသား ကျောင်းသူများအား ASEAN Delegation အဖွဲ့ခေါင်းဆောင်က ပန်းခြင်းပေးအပ်ကာ ကျောင်းသား ကျောင်းသူများက မြန်မာ့အကဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်ခုံများလှူဒါန်း

ဒီဇင်ဘာ ၂၀ရက်က မရမ်းကုန်းမြို့နယ် အမက(၁၆)သို့ အလှူရှင်ဦးအိုက်လင်း (ဂရိတ်နိုင်းကုမ္ပဏီ)၏ ကိုယ်စား မန်နေဂျာ ဒေါ်ခင်သန်းဌေးက ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ ထိုင်ခုံ ၁၅စုံ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အက်စ်တာက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း(ဗဟို) ရန်ပုံငွေရုပ်ရှင်ပြမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း (ဗဟို) ရန်ပုံငွေအဖြစ် လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာအိအိခိုင် ရိုက်ကူးသည့် **"ငယ်သူမို့ မသိပါ"** ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌အထူးပွဲပြသမည်။

ဆရာမ မစန္ဒာ၏ နာမည်ကြီး ဝတ္ထုကို ဒါရိုက်တာအိအိခိုင်က ဇာတ်ညွှန်းရေးကာ လူမင်း၊ ချစ်သုဝေ၊ ခရစ္စတီးနားနှင့် အနုပညာရှင်များစွာ ပါဝင်ထားသည်။ အဆိုပါ **"ငယ်သူမို့ မသိပါ"** ရုပ်ရှင်ဇာတ်ကားကြည့်ရှုလိုသူများအနေဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း(ဗဟို) ဖုန်း-၀၁-၃၈၅၂၇၃သို့လည်းကောင်း၊ သမ္မတရုပ်ရှင်ရုံ ဖုန်း-၀၁-၂၄၆၉၆၂၊ ၂၄၉၅၆၃၊ ၂၅၂၁၁၈ တို့သို့ ဆက်သွယ်ဝယ်ယူ အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) လမ်းမတော် (စိန့်ဂျွန်း) စတုတ္ထ အကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

၁၉၆၈-၁၉၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူး၍ အထက(၁) လမ်းမတော်(စိန့်ဂျွန်း) စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက်တွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ အားလုံး တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟားခါးမြို့ ရေပေးဝေရေး ကွင်းဆင်း

ဟားခါး ဒီဇင်ဘာ ၂၃

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဟားခါးမြို့ ရေပေးဝေရေးအတွက် နိုင်ငံတော်က ပံ့ပိုးသောငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအား ဒီဇင်ဘာ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ၃ လမ်း၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ် ၆၂ နေ ဦးဆန်းလွင်ဦး (အရှေ့သံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်)-ဒေါ်မြမြတို့၏ တစ်ဦးတည်းသောသား

မောင်ချမ်းပြည့်ဆန်းလွင် (B.Eco)

Royal King Exercise Books

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ခြံအမှတ် ၂၈/စီ နေ ဒေါက်တာ နေဦး-ဒေါ်ပို့ပို့(ခ)ဒေါ်တင်နွဲ့ရီ (Nay Oo Printing House, Top Choice Paper Products.) တို့၏ တစ်ဦးတည်းသောသမီး

မအိမိုးမိုး B.C.Sc(U.C.S.Y)

B.Sc(Hons:) (Computing & Information System), London Metropolitan University, U.K.

Richy Fashion Square

တို့သည် ၁၉-၁၁-၂၀၀၈ ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာအခမ်းအနားတွင် စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော ပါမောက္ခ ဒေါက်တာဦးအောင်မြင့် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်မွန် (သားဖွားနှင့်မီးယပ်ဆရာဝန်ကြီး) တို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ လက်စွပ်ကလပ်ကိုင် မသက်မြတ်နိုး၊ မထက်အေးချမ်း၊ တေးဂီတ ဥက္ကာဦးသာ(Plus Three)တို့အားလည်းကောင်း၊ ၁၀-၁၂-၂၀၀၈ ရက် သုမင်္ဂလာနေအိမ်တွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် စီမံဆောင်ရွက်ပေးခဲ့သည့် ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး ဒေါ်စိုးစိုးအောင်နှင့် နှစ်ဖက်အသိသက်သေများဖြစ်ကြသော ဦးတင်မောင်ညွန့် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)နှင့် ဇနီး ဒေါ်ဖြူဖြူမြင့်မူ၊ ဦးတင်ဝင်း (MD-Myanmar Win Co., Ltd.) နှင့် ဇနီး ဒေါ်လှစိန်တို့အားလည်းကောင်း၊ ၂၀-၁၂-၂၀၀၈ ရက် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာညစ်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ဆင်ယင်ပေးပါသော ဗိုလ်မှူးကြီးဉာဏ်ထွန်းဦးနှင့် ဇနီးဒေါ်ခင်စောဥမ္မာအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် ဇနီးဒေါ်ခင်ကြည် အားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲမဆုမြတ်နိုး၊ မင်္ဂလာပန်းကုံးကလပ်ကိုင် မထက်အေးချမ်း၊ မင်္ဂလာလက်စွပ် ကလပ်ကိုင် မသက်မြတ်နိုး၊ သတို့သားအရံ မောင်ရီဟိန်း၊ မောင်ဘုန်းမြတ်၊ သတို့သမီးအရံ မလဲ့လဲ့ဝေ၊ မစုပြည့်ရတနာတို့အားလည်းကောင်း၊ တေးဂီတမှူး ဦးသိန်းမြင့်သန်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ ၂၀-၁၂-၂၀၀၈ ရက် ညနေ ၆နာရီတွင် Sedona Hotel (Pool Side) တွင်ကျင်းပပြုလုပ်သော ညစာစားပွဲ၌ အခမ်းအနားမှူးဦးကျော်စိုးဦး၊ တေးဂီတဥက္ကာဦးသာ (Plus Three) နှင့် နာမည်ကျော်တေးသံရှင်များ၊ ပွဲစီစဉ်ပေးသူဂျွန်လွင် (STAR & MODEL International Agency) အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများအတွက် Forever, Memories ညစာစားပွဲဝတ်စုံများချုပ်လုပ်ပေးပါသော Designer ပြည်စိုးအောင်၊ Designer လတ်လတ်၊ Designer မပို့ (My Favourite) တို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနားအားလုံးအတွက် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်-ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မိတ်ကပ်-ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှ-လင်းလင်းနှင့်အဖွဲ့နှင့် Sedona Hotel မှ မLILy နှင့် ဝန်ထမ်းများအားလည်းကောင်း စစ်ဘက်/နယ်ဘက်မှ လူကိုယ်တိုင် မတက်ရောက်နိုင်၍ မင်္ဂလာလက်ဖွဲ့ပစ္စည်းများကို ပေးပို့ချီးမြှင့်ကြသူများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအား ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သောဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လက်ထပ်မင်္ဂလာပွဲပြီးဆုံးသည်အထိ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ချမ်းပြည့်ဆန်းလွင်-မအိမိုးမိုး။

တစ်နှစ်ပြည့် မွေးနေ့ဆုမွန်ကောင်း

ဖေဖေ ဗိုလ်ကြီးဇေယျာထွန်းညို-မေမေ ဒေါ်နှင်းနန္ဒာလှိုင်တို့၏ သားဦးလေး **မြင့်ဇေယျာအောင်**၏ ၂၂-၁၂-၂၀၀၈ ရက်တွင် ကျရောက်ခဲ့သော တစ်နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ အောင်မြင်တိုးတက်သော ဘဝကိုပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဘိုးဘိုး
ဘွားဘွား
ဖေဖေ-ဗိုလ်ကြီးဇေယျာထွန်းညို-မေမေ ဒေါ်နှင်းနန္ဒာလှိုင်
ဦးငယ်-ဗိုလ်သန့်စင်လှိုင်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃ လမ်း၊ အမှတ်၂၃ နေ ဒေါ်ဘိလ်ကစ်၏သား မောင်ဇော်ဇော်ငယ်သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေသည့်အပြုအမူများ အကြိမ်ကြိမ် လုပ်ဆောင်ခြင်းတို့ကို သည်းခံခွင့်မလွှတ်နိုင်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဒေါ်ဘိလ်ကစ် ၁၃/ဆဆန(နိုင်)၀၂၅၈၃၈။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၈း၃၅ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၄၀ ၄။ **ဝန်းကျင်တစ်ခွင် ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး** (အပိုင်း-၂)
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြုများ) (သင်္ချာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၅း၂၅ ၈။ သီးချင်းကြီးပဒေသာ
၅း၃၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀ ၁၀။ ဂီတသံစဉ်အလှဆင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၂၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၆း၅၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၅ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၀ ၁၆။ **တလောကလုံးလင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဉ္ဇာဦး၊ ဝါဝါအောင်၊ ဇော်ဖူးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာရုပ်ရှင် **အချစ်အိမ်ကလေး** လွင်မိုး၊ နန္ဒာလှိုင်၊ စိုးမိုးကြည် (ဒါရိုက်တာ-ကြီးမြင့်)
၂၁။ အစီအစဉ်ပြီး၏။

လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ ၂၅လမ်း ၉၀×၉၁လမ်းကြား၊ ပွဲကုန်းရပ်နေ ဦးသိန်းဟန်(အထပြ၊ငြိမ်း)-ဒေါ်တိုးယဉ် (အထပြ၊ငြိမ်း)တို့၏သားလတ်

မောင်သိန်းတိုးဟန်

B.Sc(Geology), Diploma in IT(NCHRD)
(Software Engineer, Delteq Systems Pte., Ltd. Singapore.)

နှင့်

သထုံမြို့၊ အမှတ်၁၁၇၊ မြသပိတ်ဘုရားလမ်းနေ ဦးဝင်းစံ(မူ/အုပ်၊ငြိမ်း)-ဒေါ်ငွေလှ(မူ/ပြ၊ ငြိမ်း)တို့၏သမီး၊ ဒေါ်တင်ရီ၊ ဒေါ်စိုးစိုးရီ(လက်ရွေးစင်မုန့်မျိုးစုံဆိုင်၊ မြို့မဈေး၊သထုံမြို့)တို့၏သမီးတူမ

မမေသူစံ

B.C.Sc(Hons:), M.C.Sc (UCSY)
(Software Engineer, Techace Innovation Pte., Ltd. (Singapore.)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် စင်ကာပူနိုင်ငံတွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းတိုးဟန်-မမေသူစံ။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမြင့်ဦး (Personnel/Admin Manager, Kyarlay Apparel Co.,Ltd.)-ဒေါ်ဝင်းဝင်းခိုင် တို့၏ သားကြီး

မောင်ပြည့်ဖြိုးဦး

B.Sc(Phys) Diploma in Electronics (Y.T.U) CCNA(U.S.A)
Service Engineer (Fuji Film Singapore Pte.,Ltd.)

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်သွင်(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)-ဒေါ်ဝင်းကြည် တို့၏သမီးကြီး

မမေဦးသွင်

B.B.A(Y.I.E), DA(UK), EDBA(UK) A.C.C.A(Final) (UK) Senior Accounts Executive(RSM Stone Forest Account Serve Pte., Ltd Singapore.)

တို့၏ ၂၀-၁၂-၂၀၀၈ရက် (စနေနေ့)တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်အောဘယ်(လ်) (ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သိန်းမူ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်မေစန်း၊ မင်္ဂလာ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော First Music Agency မှ တေးသံရှင်များ၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော မိတ်ကပ်အလှပြင် အောင်အောင် (တောင်ကြီး) နှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မမေဖုန်းတင့်ကြွယ်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ်များဖြစ်သည့် မစုစန္ဒာသန်း၊ ဒေါက်တာပန်းမြတ်မွန်၊ သတို့သားအရံ မောင်ကျော်စိုးဝင်း၊ မောင်ပြည့်ဖြိုးအောင်၊ သတို့သမီးအရံ မရီရီဇော်၊ ညီမငယ် မစုမွန်အေး၊ အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြပါသော ရပ်နီးရပ်ဝေး၊ အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotel မှ မန်နေဂျာ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်ပြည့်ဖြိုးဦး-မမေဦးသွင်။

စေ့စပ်ထိမ်းမြား လက်ထပ်မင်္ဂလာပွဲ ကျေးဇူးတင်လွှာ

၂၈-၆-၂၀၀၈ရက်(စနေနေ့) စင်ကာပူနိုင်ငံ၌ကျင်းပပြုလုပ်သော စေ့စပ်ပွဲအခမ်းအနားတွင် မင်္ဂလာစကား ပြောကြားပေးပါသော ဦးဝင်းကျော်(MD)-ဒေါ်အေးအေးအောင် (ဝင်းအေး Pte., Ltd. Singapore)၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးသိန်းစိုး-ဒေါ်တင်တင်ဝင်း၊ အသိသက်သေများအဖြစ် ဦးတင်မောင်ဆွေ-ဒေါ်ရီရီခင်၊ဦးသန်းထွန်းမြင့်-ဒေါ်လှလှရီနှင့် ဦးတင်ထွန်း-ဒေါ်မြင့်မြင့်အေး၊ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊၁၅-၁၁-၂၀၀၈ ရက် (စနေနေ့) Singapore နိုင်ငံ၌ကျင်းပသော မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် အသိသက်သေ ဦးဝင်းကျော်(MD)-ဒေါ်အေးအေးအောင်(ဝင်းအေး Pte., Ltd. Singapore)၊၁၉-၁၁-၂၀၀၈ရက် ရန်ကုန်မြို့ရွှေမင်းဝံသာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂၁-၁၂-၂၀၀၈ရက် ညနေ ရွှေရှမ်းကန် Restaurant ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်အားပေးချီးမြှင့်သော မိဘဆွေမျိုး မိတ်ဆွေများအား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကိုဖြိုး-မေလေး။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဇော်သူရငွေ ၁၂/ကမရ(နိုင်)၀၅၃၉၁၈ သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါ၍ ၂၂-၁၂-၂၀၀၈ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ရီရီမြင့် ၁၂/ကမရ (နိုင်) ၀၂၀၅၂၇။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျော့သောင်း၌ကျင်းပ

ကျော့သောင်း ဒီဇင်ဘာ ၁၃

တနင်္သာရီတိုင်း ကျော့သောင်းခရိုင် ကျော့သောင်းမြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့(ကျော့သောင်း)နှင့် ဝေါလ်ဗွီးရှင်း မြန်မာတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၀ရက်က ကလေးသူငယ်အခွင့်အရေးများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဉာဏ်နိုင်နှင့်ဇနီး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်ထွန်း၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တနင်္သာရီတိုင်း လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်မေနှင့် ဝေါလ်ဗွီးရှင်းမြန်မာမှ ဦးစောဝင်းထူးခိုင်တို့က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရော်ဘာ၊ ဆီအုန်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး မြိတ်ခရိုင်၌ ပညာပေးဟောပြော

မြိတ် ဒီဇင်ဘာ ၂၀

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရော်ဘာ၊ ဆီအုန်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ လူထုအသိပညာပေး စာပေဟောပြောပွဲကို နိုဝင်ဘာ ၅ရက် မွန်းလွဲ ၂နာရီခွဲက မြိတ်မြို့ ပုလဲရတနာခန်းမဆောင်နှင့် အလယ်ကျွန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ဖြူဖြူမော်က အမှာစကားပြောကြားပြီး စာပေသုတေသီ မောင်မောင်လှမြင့် (မြို့နယ်ဦးစီးမှူး)က စာကြည့်တိုက်သို့ စာအုပ်နှင့်ရေဒီယိုလှူဒါန်းရခြင်း အကျိုးကျေးဇူးအကြောင်း ရှင်းလင်းပြောကြားပြီး စာရေးဆရာဇွန်မောင်မောင်**(ယာပုံ)**က ရော်ဘာ၊ဆီအုန်းနှင့်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ လူထုအသိပညာပေး ဆက်နွယ်သော လူသားစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်ပင်စိုက်ပျိုးပေးအကြောင်းအရာများကို ဟောပြောကြသည်။

ဆက်လက်ကျင်းပ

အလားတူ ယင်းစိုက်ပျိုးရေး လူထုအသိပညာပေးဟောပြောပွဲများကို ဒီဇင်ဘာ ၂၉ ရက်တွင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်၊ ဒီဇင်ဘာ ၃၀ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒီဇင်ဘာ ၃၁ရက်တွင် အမရပူရမြို့နယ်၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်နှင့် ရခိုင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်ရှိ ခရိုင်၊ မြို့နယ်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(လယ်ယာ/ဆည်မြောင်း)

ကြက်ခြေနီ သာမန်အဆင့်သင်တန်းဖွင့်ပွဲ ရွှေတောင် နွားမယံတွင်ကျင်းပ

ရွှေတောင် ဒီဇင်ဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်ကြက်ခြေနီ သာမန်အဆင့်(၁/၂၀၀၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် ညနေ ၆နာရီက ရွှေတောင်မြို့နယ် နွားမယံ စံပြကျေးရွာအုပ်စု ကျေးရွာစာကြည့်တိုက်တွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရန်နိုင်မြင့်၊ နွားမယံစံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အမှာစကားပြောကြားကြသည်။ **(အောက်ပုံ)**

သင်တန်းပို့ချ

ထို့နောက် ကြက်ခြေနီသင်တန်းသား သင်တန်းသူများအား ရွှေတောင်မြို့နယ် ကြက်ခြေနီတပ်ရင်းမှ ဒု-တပ်ရင်းမှူး ဦးအောင်ကျော်ကျော်နှင့် တပ်ခွဲမှူးဦးကြည်လင်တို့က အခြေခံစစ်ရေးပြနှင့် ရှေးဦးသူနာပြုစုနည်းသင်တန်းများ ဆက်လက်ပို့ချကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ဝ၅၈)

ဒီဇင်ဘာလလမ်းလျှောက်ပွဲ မြစ်သားမြို့၌ ကျင်းပ

မြစ်သား ဒီဇင်ဘာ ၂၀

မြစ်သားမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၄နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှစတင်ပြီး ကင်းစိန်စျေးကျေးရွာ၊ ထိုမှတစ်ဆင့် မြို့နယ်အားကစားလေ့ကျင့်ရေးကွင်းသို့ ရောက်ရှိပြီး မြို့နယ်အားကစား ဦးစီးအရာရှိ ဦးကျော်သူဆွေက သရုပ်ပြ၍ စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မြို့ပေါ်ခြောက်ရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ခန့် ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ကလေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကလေး ဒီဇင်ဘာ ၁၃

ကလေးခရိုင် မြေစာရင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကလေးမြို့နယ် မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ၂၀၀၈ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက်၈နာရီက ကလေးမြို့နယ် ပင်လုံရပ်ကွက် ကွင်းအမှတ် (၆၆/၂) ဦးပိုင်အမှတ် (၄၄)ရှိ တောင်သူဒေါ်ကြူမာရီ၏ ရွှေဘို(၁)စပါး စိုက်ဧက ၄ဒသမ၅၂ဧက၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို ကလေးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးချစ်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက် ကြီးကြပ်ရေးမှူး ဦးမြင့်အောင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုကြပြီး တောင်သူ ဒေါ်ကြူမာရီ၏ ရွှေဘို(၁) စံကွက်ကိုရိတ်သိမ်းကြရာ တစ်ဧက ပျမ်းမျှ ၁၁၇ဒသမ၃၉တင်း ထွက်ရှိသည်။

(ခရိုင် ပြန်/ဆက်)

နေကြာသီးညှပ်စုပေါင်းစိုက်ပျိုးပွဲ ကျောင်းကုန်းမြို့နယ်၌ကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၁၃

နေကြာသီးညှပ် စုပေါင်းစိုက်ပျိုးပွဲကို နိုဝင်ဘာ ၂၂ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စုရှိ သဖန်းပင်ဆိပ်ကျေးရွာ တောင်သူကြီး ဦးဘိုစိန် ဦးပိုင် (၁၁၅/၁) ကွင်းအမှတ်(၃၈၉-A) ရှိ လယ်မြေ ၈ဒသမ ၈၃ဧကတွင် နွား ၁၀ရှဉ်း၊ စက်နှစ်စီးနှင့် တောင်သူကြီး ၈၅ဦးတို့က စုပေါင်း၍ ပဲနှင့်နေကြာ သီးညှပ်စိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းစိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းဌေးနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (အောက်ပုံ)

စိုက်ပျိုးပြီးစီး

၂၀၀၈-၂၀၀၉ခုနှစ်တွင် ရွာသာကုန်းအုပ်စုမှ နေကြာလျာထားချက် ဧက ၃၄၁ဧကတွင် နိုဝင်ဘာ ၂၃ရက်အထိ ဧက၂၅၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

(၁၅၄)

ကျေးလက်စာကြည့်တိုက်များ ရှင်သန်ရေးဟောပြောပွဲ ကျောက်ထု၌ ကျင်းပ

ကျောက်ထု ဒီဇင်ဘာ ၁၈

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်အရှေ့ဘက်ဒေသ ကျေးရွာ၁၁ရွာ၏ ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ဟောပြောပွဲနှင့် စာကြည့်တိုက်ရန်ပုံငွေ စုပေါင်းလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ ပဆုပ်ကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မြင့်စိန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမနားယောက စာကြည့်တိုက်များ စံ(၅)ရပ်၊ လုပ်ငန်းစဉ် (၅)ရပ်နှင့် ညီညွတ် ရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်းဟောပြောသည်။

အခမ်းအနားတွင် သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်ဥက္ကဋ္ဌများက စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ရန်ပုံငွေ စုစုပေါင်းငွေကျပ် ၅၀၆၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်း၌ ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

ဖလမ်း ဒီဇင်ဘာ ၂၀

ဖလမ်းခရိုင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၀ရက် နံနက် ၁၀နာရီက ဖလမ်းမြို့ ပညာ့အလင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ဖလမ်းခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ရွှေထွေးက အမှာစကားပြောကြားသည်။ ထို့နောက် ဖလမ်းခရိုင် ကျန်းမာရေးဦးစီးဌာနမှ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဦးနိုင်နိုင်ထွန်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေးအကြောင်း ပညာပေးဟောပြောဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က သက်ငယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်မီးကြိုးသွယ်တန်းမှုစစ်ဆေး

မြန်အောင်မြို့ မြို့မနေခြည်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအား စီမံချက်ရေးဆွဲ၍ ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဈေးအတွင်း လျှပ်စစ်မီးကြိုးများ၊ လုံခြုံရေးမီးများနှင့် ဈေးဆိုင်ခန်းသုံးမီးလိုင်း ခွဲခြားသွယ်တန်းထားရှိမှု အခြေအနေကို နိုဝင်ဘာ ၂၄ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၊ ဦးစီးအရာရှိနှင့် ဈေးမိဈေးဖများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့ မြတ်ဆရာပူဇော်ပွဲ

ရေး ဒီဇင်ဘာ ၁၅

မွန်ပြည်နယ် ရေးမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အခြေခံပညာကျောင်းများ၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် အထက(၁)ရေး၌ ကျင်းပမည်ဖြစ်ရာ စုံညီစွာတက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဦးဝင်းတင်-ဒေါ်ညိုညိုခင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဦး ဖုန်း-၂၉၈၃၁၈၊ ဦးဝင်းနိုင် ဖုန်း-၀၉-၈၀-၂၄၄၇၄၊ ဒေါ်ဖြူဖြူခင် ဖုန်း-၅၄၆၅၂၅၊ ဦးသောင်းထိုက် ဖုန်း-၀၉-၅၃-၂၂၃၈၈ နှင့် ဦးကျော်မိုးအေး ဖုန်း-၀၅၇-၅၀၃၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်း(အနောက်ပိုင်း)ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပြည် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့၏ ၂၀၀၈ခုနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြည်မြို့ နဝင်းရဲရိပ်သာ၌ ဒီဇင်ဘာ ၁၁ရက် နံနက်၈နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက ဦး/ရေး/ထောက်လုပ်ငန်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ယာပုံ) (မြို့နယ် ပြန်/ဆက်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၈ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး တောင်တွင်းကြီး၌ ဆွေးနွေး

တောင်တွင်းကြီး ဒီဇင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့သည် ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀နာရီခွဲက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိ၍ ပုံနှိပ်လုပ်ငန်းများ စနစ်တကျရှိရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

မှတ်တမ်းဓာတ်ပုံပြပွဲ၊ ဆုပေးပွဲ၊ ကံစမ်းမဲဖွင့်ပွဲနှင့် အနုပညာဖျော်ဖြေတင်ဆက်ပွဲများ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၀

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲကို ဒီဇင်ဘာ၁ရက် နံနက် ၁၀နာရီက Conference Room၌ကျင်းပရာ ပါမောက္ခချုပ်ဦးပိုမြင့်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နံနက် ၁၀နာရီခွဲတွင် ဆုပေးပွဲ၊ ကံစမ်းမဲဖွင့်ပွဲနှင့် အနုပညာဖြင့် ဖျော်ဖြေတင်ဆက်ပွဲများကို သီရိရတနာခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက တက္ကသိုလ်သီချင်းကို သီဆိုဂုဏ်ပြု၍ဖွင့်လှစ်ပြီး ဆက်လက်၍ သုတေသနစာတမ်းများ ဖတ်ကြားခဲ့ကြသည့် ဒေါက်တာဇော်လင်း၊ ဒေါက်တာမောင်မောင်ဦး၊ ဒေါ်ပြုံးပြုံးငွေ၊ ဒေါ်မီမီပြုံး၊ ဒေါ်စိုးစိုးရည်၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါက်တာအေးအေးလှိုင်၊ ဒေါ်ထွေးစုလှိုင်၊ ဒေါ်အေဇင်ဝင်း၊ ဒေါ်အေးနွယ်စိုး၊ ဒေါ်ကြည်သာမြင့်နှင့် Table Tennis, Scrabble နှင့် Word Game ပြိုင်ပွဲများတွင် ဆုရရှိသူများကို ပါမောက္ခချုပ်ဦးပိုမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ထို့နောက် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ ဆရာ ဆရာမများနှင့် ဝန်ထမ်း၂၁၅ဦးအတွက် ထောက်ပံ့သောငွေကျပ် ၃၂၅၀၀၀ကို ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်လင်းက ဆရာ ဆရာမများနှင့် ဝန်ထမ်းများ ကိုယ်စား မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး)ဒေါ်ကြည်ကြည်စိန်အား ပေးအပ်ပြီး တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေသည်။ **(နိုင်ငံခြားဘာသာတက္ကသိုလ်)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကမ်းနားလမ်းသစ်ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံများ ဆောင်ရွက်ထားမှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်းမော်မြို့ အောင်မင်္ဂလာလမ်း ကတ္တရာခင်း

ဇန်းမော် ဒီဇင်ဘာ ၁၉

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော (မြို့ပြ)အောင်မင်္ဂလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိုးနေလင်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၃ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင်

ပခုက္ကူ ဒီဇင်ဘာ ၁၅

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် ကြီးကြပ်အုပ်ချုပ်မှုကော်မတီနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ၃၀ရက် ည၇နာရီက ပခုက္ကူမြို့ အလက(၃) သီတာခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစန်းဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဌေးလှိုင်က ဖတ်ကြားသည်။

ချီးမြှင့်

ဆက်လက်၍ ပါမောက္ခဆရာမကြီးဒေါ်စောကြိုင်(မအေးငြိမ်း-ပခုက္ကူ)နှင့် စာရေးဆရာ ဒေါက်တာသက်လွင်တို့က စာပေအကြောင်းဟောပြောကြပြီး စာပေဗိမာန် စာမူဆုကလေးစာပေ ပထမဆုရ ဦးခင်ဝင်း(လူမွန်-ပခုက္ကူ)အား ဂုဏ်ပြုဆုချီးမြှင့်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား စာစီစာကုံး ပြိုင်ပွဲဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၀၇၀)

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်ချောင်းဆုံမြို့နယ်အနောက်ရပ်ကွက်၌ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်နေခြည်ဦး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည် တို့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အကြိမ်(၁၀၀)ပြည့် သွေးလှူဒါန်း

မန္တလေး ဒီဇင်ဘာ ၁၈

မန္တလေး မဟာအောင်မြေမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး အုန်းရွှေ (လူမှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)** သည် ဒီဇင်ဘာ၄ရက်က မန္တလေး မြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုး သားသွေးလှူဘဏ်ခွဲတွင် အကြိမ်(၁၀၀)ပြည့် ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မ ဈေးအတွင်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးယဉ်ကျော့နှင့် တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ဒီဇင်ဘာ၇ရက်က ဈေးမီးဘေးကြိုတင် ကာကွယ်ရေး၊ ရေရရှိရေးနှင့် အရေးပေါ် မီးငြိမ်းသတ်ရေး ပစ္စည်းများ ထားရှိမှု၊ ဈေးမီးသတ် ဖွဲ့စည်းထားမှုတို့ကိုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်များဖြစ်ပေါ်ရေးဆောင်ရွက်

သံတွဲ ဒီဇင်ဘာ ၁၉

ရခိုင်ပြည်နယ် သံတွဲခရိုင်သံတွဲမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဖြစ်ပေါ်လာရေးအတွက် သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးညို အုန်းမြင့် ဒီဇင်ဘာ ၁၀ ရက်က သံတွဲမြို့နယ် မကျီးချောင်ကျေးရွာသုတအလင်း စာကြည့်တိုက်၊ ဇွဲ့ချောင်းကျေးရွာ ပြည်သူ့အလင်း စာကြည့်တိုက်၊မြို့မြင်ကျေးရွာ ပညာအလင်း စာကြည့်တိုက်များသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်သည်။

အလားတူ ဒီဇင်ဘာ ၁၃ ရက်က အလယ်ရွာ၊ နတ်တောင်ပေါ်ရွာ၊ မျှောဝမ်း ကျေးရွာ၊ ကြက်စားချောင်ကျေးရွာ၊ ဒေါင်းပြင်ကျေးရွာ၊ကျွန်းပေါက်ကျေးရွာနှင့် ချောင်းဝကျေးရွာများတွင်ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မန္တလေး ၆၂လမ်းမကြီး ၃၅လမ်းနှင့် ၃၆လမ်းကြား အခြေခံကျောက်လွှာနှင့် ကတ္တရာခင်းဆောင်ရွက်

မန္တလေး ဒီဇင်ဘာ ၁၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး၊ ကော်မတီဝင်နှင့် ဌာနမှူးများလိုက်ပါလျက် နိုဝင်ဘာ ၂၆ရက် ညနေ၃နာရီခွဲတွင် ၈၄လမ်းအား ၃၅လမ်းနှင့်၃၆လမ်းကြား၊ လေးလမ်းသွား ယာဉ်ကြောခွဲမျဉ်းများ ရေးဆွဲနေမှုနှင့် ၆၂လမ်းအား ၃၅လမ်းနှင့် ၃၆လမ်းကြား အခြေခံ ကျောက်လွှာနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးမှု

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၈၄လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား လေးလမ်းသွားယာဉ်ကြောခွဲမျဉ်း ရေးဆွဲခြင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနခွဲမှူးနှင့် အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ၆၂လမ်းမကြီးအား ၃၅လမ်းနှင့် ၃၆လမ်းအကြား အခြေခံကျောက်လွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား သတ်မှတ်ရက်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အတွက် တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (၃၁၃)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့ပြကတ္တရာလမ်းဖြစ်သည့် အရှေ့မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမော်လွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဗိုလ်ချုပ်လမ်း တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသိန်းဌေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကိုကိုတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘို(၁) မိုးစပါး စံကွက်ရိတ်သိမ်းပွဲ တမူးမြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု၌ ကျင်းပ

တမူး ဒီဇင်ဘာ ၁၂

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုကွင်း အမှတ် ၂၅၇(အီး)ပန်းသာအရှေ့ကွင်း၌ ရွှေဘို(၁)မိုးစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက်စနာရီက ကျင်းပသည်။

အဆိုပါ ရွှေဘို (၁) မိုးစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားတွင် တမူးခရိုင် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ (ခရိုင်တာဝန်ခံ) ဦးရာဇာမျိုးသန့်နှင့် တမူး ခရိုင် စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းဆွေတို့က ဦးဆောင်ကြီးကြပ်ပြီး မြေစာရင်း ဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများ ပူးပေါင်းလျက် တပျော်တပါး ရိတ်သိမ်းဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖားကန့်မြို့၌ ကွန်ကရစ်ကြမ်းခင်း ပြုလုပ်ဆောင်ရွက်

ဖားကန့် ဒီဇင်ဘာ ၁၂

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်အတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း စတိတ်ခုံ ကွန်ကရစ် ကြမ်းခင်းပြုလုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြီးကြပ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မင်းတုန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ခုဘဏ္ဍာရေးအတွက် မင်းတုန်းမြို့အဝင်ဆိုင်းဘုတ် တည်ဆောက်ပြီးစီးခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးတိုးကြည် သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျောက်တံတား - ကင်းရွာကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကိုဒီဇင်ဘာ၁၀ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အထက အိုင်သပြု မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် အထက အိုင်သပြု၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်းခန်းမ၌ကျင်းပမည် ဖြစ်သည်။ ထိုကျောင်းမှ နှစ်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းလှူဒါန်းလိုသူများသည် ဦးအောင်ကျော်မင်း (အထက အိုင်သပြု)၊ ဒေါ်သန်းသန်းဦး (အထက-၁၊လသာ) ဖုန်း-၀၁-၃၇၈၃၁၀၊ ဦးရဲအောင်၊ ဒေါ်မြင့်မြင့် (ပုသိမ်) ဖုန်း-၀၉-၈၅-၅၀၆၇၃၊ ကိုဘရွှေ ဖုန်း-၀၉-၅၁-၁၂၂၃၄၊ ကိုလှဝင်း ဖုန်း-၀၁-၂၀၂၃၃၉နှင့် (ဆရာကြီး) ဦးတင်ဝင်း ဖုန်း-၀၁-၇၀၁၈၅၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

ရွှေတောင်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရွှေတောင် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကံသုံးဆင့်အုပ်စု ကံသုံးဆင့်(တောင်)ကျေးရွာ ရွှေရောင်ခြည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမြင့်လွင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် အုပ်စုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်အောင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက်မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တိုင်းလက်ထောက် ညွှန်ကြားရေးမှူးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာပေ၏အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကစာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သောင်း၊ ကြာနီကန်လမ်း ရွှေလမင်းဆန်စက်ပိုင်ရှင်ဦးသန်းမြင့်က အလှူငွေကျပ်သုံးသောင်း၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာအုပ်မျိုးစုံ၁၅၀၊ အလက ကံသုံးဆင့် ကျောင်းအုပ်ဆရာကြီး ဦးကြည်လွင်က စာအုပ်မျိုးစုံ၅၀၊ အမက ကံသုံးဆင့် ဆရာမကြီးက စာအုပ်မျိုးစုံ ၃၀နှင့် စေတနာရှင်အလှူရှင်များက စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ အုပ်စု စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကျောက်တုံး မြေယာရှုခင်းအလှဆောင်ရွက်နေခြင်းကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း
ဆိုင်ကယ်လုယူထွက်ပြေးသူ တရားခံအား အင်းတော်ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

အင်းတော် ဒီဇင်ဘာ ၂၂

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် နတ်မဟုတ်ကြီးချောင်းအနီး မြစ်ကြီးနား-ရွှေဘိုကားလမ်းပေါ်တွင် ဆိုင်ကယ်လုယူ ထွက်ပြေးမှု ဒီဇင်ဘာ ၁၃ရက်က ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၉ရက်က ဦးစိန်မြင့်ဦး၏ဆိုင်ကယ်အား အားကို့ဆိုသူက ကသာမှရွှေဘိုအထိ လိုက်ပို့ပေးရန် ငွေကျပ်ငါးသောင်းပေးပြီး ငှားရမ်းသဖြင့် ဆိုင်ကယ်တစ်စီးအား လူနှစ်ယောက်စီး၍ ကသာမှမောင်းနှင်လာရာ မြစ်ကြီးနား-ရွှေဘိုကားလမ်း အင်းတော်မြို့နယ် နတ်မဟုတ်ကြီးချောင်းအနီးအရောက်တွင် ဦးစိန်မြင့်ဦးက ဆိုင်ကယ်ရပ်ပြီး အပေါ့သွားနေစဉ် အားကို့မှ ဦးစိန်မြင့်ဦး၏ဦးခေါင်းကို ကျောက်ခဲဖြင့်ဆင့်ထုကာ Wave ဆိုင်ကယ်အမျိုးအစား(110) (မရ/၁၂၄၉၈)ကို လုယူထွက်ပြေးသွားသဖြင့် ဦးစိန်မြင့်ဦးက အင်းတော်ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အမှုအား အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူး ရဲအုပ်မောင်မောင်လွင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးလှိုင်၊မဲဇာစခန်းမှူး ဒုရဲအုပ်မင်းဇော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်လုယက်မှု တရားခံအား ဖမ်းဆီးနိုင်ရေးကို အပူတပြင်း ဆိုင်ကယ်များဖြင့် နောက်ယောင်ခံလိုက်လံဖမ်းဆီးကြရာ တရားခံအားကို့မှာ မြစ်ကြီးနား-ရွှေဘို ကားလမ်းမှ ထီးချိုင့်မြို့နယ်ဘက်သို့ မောင်းပြေးပြီး ဆိုင်ကယ်ကို လမ်းတွင်ထားရစ်ကာ တောထဲသို့ ကိုယ်လွတ်ထွက်ပြေးသွားခဲ့သည်။

စုံစမ်းချက်များအရ တရားခံအားကို့သည် ပြင်ဦးလွင်မြို့နယ် နောင်ခမ်းကြီးကျေးရွာတွင် ရောက်ရှိနေကြောင်း သိရသဖြင့် ဒုတိယမြို့နယ်မှူး ရဲအုပ်မောင်မောင်လွင်နှင့် ရဲတပ်သားသစ်လွင်မြင့်တို့သည် ပြင်ဦးလွင်မြို့သို့သွားရောက်၍ ပြင်ဦးလွင် ရဲစခန်းနှင့် နောင်ခမ်းကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ အကူအညီဖြင့် ဒီဇင်ဘာ ၁၃ရက်တွင် တရားခံအားကို့ ၃၂(နှစ်) (ဘ)ဦးရှုံးကျုံး ပေါက်ပန်းဖြူကျေးရွာ ယင်းမာပင်မြို့နယ်အား ဖမ်းဆီးရမိပြီး အင်းတော်ရဲစခန်း၌ (ပ)၂၀၅/၀၈၊ ပြစ်မှုပုဒ်မ-၃၈၆ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၀၃၀)

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညီချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

Nanook of the North ဇာတ်ကားမှ အက်စ်ကီးမိုးတစ်ဦး၏ ဇာတ်ဝင်ခန်းတစ်ခန်း။

ကမ္ဘာ့ရုပ်ရှင်နေ့အထိမ်းအမှတ် အက်စ်ကီးမိုးများအကြောင်း ဇာတ်လမ်းပြသမည်

အနုပညာသတင်း-မိုးမြင့်လင်းလက် ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၃

ကမ္ဘာပေါ်မှာ ရုပ်ရှင်အဖြစ် စတင်ပေါ်ပေါက်ခဲ့တဲ့ကာလကိုတွက်ရင် နှစ်ပေါင်း ၁၁၃နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၈၉၅ခုနှစ် ဒီဇင်ဘာ၂၈ရက်မှာ ပြင်သစ်လူမျိုး Louis Lumiere နဲ့ Auguste Lumiere တို့ ညီအစ်ကိုနှစ်ဦးက ပါရီမြို့မှာ ပရိသတ် ၃၃ဦး၊ ကားပိုင်းတို ၁၀ပိုင်းကို ၂၅မိနစ်ကြာပြသမှုက စတင်ပြီး ကမ္ဘာပေါ်မှာ ရုပ်ရှင်ဆိုတာ စတင်ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်



အပြေးလေ့ကျင့်

လေ့ကျင့်ကွင်းအတွင်း အပြေးလေ့ကျင့်နေသည့် မြင်းနှင့် ဂျော်ကီတစ်ဦးအား တွေ့ရစဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

အသက်အရွယ်ရလာသူများ ဗီဒီယိုဂိမ်းကစားပေးလျှင် ဦးနှောက်ကျန်းမာရေး ကောင်းမွန်နိုင်ဟုဆို

အသက်အရွယ် ရလာသူများအနေဖြင့် ဗီဒီယိုဂိမ်း ကစားပေးပါက ဦးနှောက် ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း အမေရိကန် သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

မှတ်ဉာဏ်ထက်မြက်

ကလေးငယ်များအနေဖြင့် ဗီဒီယိုဂိမ်းများကို ကစားချိန်များပါက ဦးနှောက်မှတ်ဉာဏ် ထိခိုက်နိုင်ကြောင်း ယခင်က ပြုလုပ်ခဲ့သော သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြခဲ့သော်လည်း ယခုပြုလုပ်သည့် သုတေသနပြုချက်တွင် အသက်အရွယ်ကြီးရင့်သူများအတွက် ဦးနှောက် မှတ်ဉာဏ် ထက်မြက်စေကြောင်း တွေ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၅ ■

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ပြည်သူများ စိတ်ဝင်စားစေမည့် မြင်းစီးပြိုင်ပွဲ နိုင်ငံတစ်ဝန်းမှ ထိတ်ထိတ်ကြဲမြင်းများ ပါဝင်ဆင်နွှဲမည်

နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးမှ ပြိုင်ပွဲဝင်ရန် ရောက်ရှိလာသည့် မြင်းများကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၃

“တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မြင်းစီးအားကစားလှုပ်ရှားမှု နည်းပါးနေလို့ မြင်းစီးအားကစားအပေါ် တစ်ပြည်လုံးအတိုင်းအတာနဲ့ စိတ်ပါဝင်စားမှုဖြစ်စေရေးနဲ့ ပါဝင်ဆောင်ရွက်လာသူတွေကို ဖြည့်ဆည်း ပံ့ပိုးပေးဖို့အတွက် မြင်းစီးပြိုင်ပွဲကျင်းပရန် စီစဉ်ခြင်းဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညိမ်းကျော်က ရှင်းပြသည်။

ရှင်းပြ

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ပင်လုံလမ်းနှင့် ပြည်ထောင်စုလမ်းထောင့်၌ရှိသော မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ရုံး၌ ဒီဇင်ဘာ ၁၂ရက်က ကျင်းပရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့ရာမှ ယခုကဲ့သို့ ဦးညိမ်းကျော်က ရှင်းပြခြင်းဖြစ်သည်။

လာရောက်ကြည့်ရှုနိုင်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့်လည်း မြင်းစီးပြိုင်ပွဲ ကျင်းပခြင်းဖြစ်ရာ ပြည်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုနိုင်ရန်အတွက် ပြိုင်ပွဲများကို လေးပွဲခွဲပြီး ကျင်းပမည်ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ○